မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကမ္ဘာ့အလယ်မှာ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်အောင် တပ်မတော်ကို ကြိုးပမ်းတည်ဆောက်ကြရမည်

အတိတ်ကာလက ခေတ်မီအမြဲတမ်းတပ်မတော် မရှိခဲ့လို့ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ လွတ်လပ်ရေးတိုက်ပွဲအတွက် သူတစ်ပါးကို အားကိုးခဲ့ရတဲ့အခါမှာလဲ **ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး** ဆိုတဲ့အဖြစ်မျိုး ရောက်ခဲ့ရတယ်။ ဒါကြောင့် ကမ္ဘာ့အလယ်မှာ ကိုယ့်ခွန်ကိုယ့်အားနဲ့ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်အောင် တပ်မတော်ကို ကြိုးပမ်း တည်ဆောက်သွားကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၉) သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ထွက်ခွာသွားသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ကြမည့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

ပို့ဆောင်နှုတ်ဆက်

ထိုသို့ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၂၃ ရက်)

ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင် စွမ်းရည်ထက်မြက်သော တပ်မတော်တည်ဆောက်

မြန်မာတို့သည် ရှေးပဝေသဏီကပင် မိမိနိုင်ငံနှင့်လူမျိုးအတွက် အန္တရာယ် ဟူသမျှကို သက်စွန့်ကြိုးပမ်း တွန်းလှန်ကာကွယ်ခဲ့ကြသူများ ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ၏ ရင်နှစ်သည်းချာများဖြင့် စုစည်းပြီး ပေါက်ဖွားလာသော တပ်မတော်သည် ပြည်သူနှင့်အတူ လက်တွဲ၍ လွတ်လပ်ရေးကို ရယူခဲ့သည်။ ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည်။

တပ်မတော်သည် သမိုင်း၏လိုအပ်ချက်အရ ပြည်သူ့ကြားက ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ပီပီ ပြည်သူနှင့်လက်တွဲ၍ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခဲ့လျက်ရှိသည်။ ပြည်သူ့အကျိုးကို အစဉ်ဦးထိပ်ထားသော တပ်မတော်သည် တိုင်းရင်းသားပြည်သူများ အကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း ပါဝင်ထမ်းဆောင်ပေးရသည်။

တပ်မတော်သည် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး အေးချမ်းသာယာဝပြောသည့် ခေတ်မီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

တပ်မတော်က ထိုသို့ကြိုးပမ်းတည်ဆောက်ခဲ့မှုကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို အမြဲတမ်းစောင့်သိ ရိုသေပြီး ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်အဖြစ် တည်ဆောက်လျက် ရှိသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားသည့် တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကိုပါ ထာဝစဉ်သယ်ပိုး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း (၆၂)မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်နှင့်ပြင်သစ် မိတ်ဖက်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း မတ် ၂၂

တရုတ်နှင့် ပြင်သစ်နှစ်နိုင်ငံတို့အနေဖြင့် မိတ်ဖက်နိုင်ငံအဖြစ် ဆွေးနွေးမှုများကို မတ် ၁၉ ရက်က ပေကျင်းမြို့တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း တရုတ်သမ္မတဟူကျင်တောင်က ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ထောက်ခံခဲ့ပြီး နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ အပြန်အလှန် အဆင့်မြင့် ဆက်ဆံရေးထားရှိရန်လည်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး မီချယ်အယ်လော့မာရီကနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတဟူကျင်တောင်က ပြောကြားခဲ့သည်။

ဆက်ဆံရေး

တရုတ်နှင့် ပြင်သစ်နှစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဩဇာတိက္ကမကြီးမားသော နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးသည်လည်း အရေးကြီးသော အနေအထားရှိကြောင်း၊ ကမ္ဘာ့အချို့ကိစ္စရပ်များအပေါ်တွင်လည်း အမြင်ချင်း၊ စိတ်ဝင်စားမှုချင်းလည်း ကိုက်ညီကြကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

ဆောင်ရွက်

နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီထားခဲ့ကြသည့် ပူးပေါင်းဆောင်ရွက်မှု စာချုပ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တရုတ်နိုင်ငံက ကြိုးစားသွားမည် ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၂

အီရတ်နိုင်ငံတွင် သီးခြားဖြစ်စဉ်များမှ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က မတ် ၁၇ ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းတွင် မတ် ၁၈ ရက်က အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးတွဲကင်းလှည့်စဉ် လမ်းဘေး ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရသည်ဟုကြေညာသည်။

ယင်းသို့ ဗုံးခွဲတိုက်ခိုက်ပြီးနောက် သူပုန်များက ပစ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းတွင် မတ် ၁၇ ရက်က ပူးတွဲကင်းလှည့်စဉ် ဗုံးခွဲတိုက်ခိုက်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်၏ အခြားကြေညာချက်တွင် ဖော်ပြထားသည်။

ပြောကြား

ထို့ပြင် ဘဂ္ဂဒက်အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာအကွာရှိ ဘာကူကာ၌ စစ်ဆင်ရေးဆင်နွှဲစဉ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး မတ် ၁၈ ရက်က သေဆုံးသည်။ ယင်းနေ့ကပင် မြို့တော်မြောက်ဘက် ဆာလာဟူဒင် ပြည်နယ်တွင်အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သေဆုံး

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်ကို စတင် ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၃၂၁၀ ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၇
(သောကြာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ နားလည်လေလေ ကြည်ညိုလေ တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်) (အပိုင်း-၂)
- ၇း၄၅ Myanmar Video Rhythm
- ၈း၃၅ တေးဂီတအစီအစဉ်
- ၈း၄၀ သီးနှံစိုက်ပျိုးအထွက်တိုး (ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ သုံးစွဲနည်း)
- ၈း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၀၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အရသာချိုချို ရေခဲမုန့်ပြုလုပ်နည်း)
- ၉း၁၀ တေးဂီတအစီအစဉ်
- ၉း၁၅ Science Tech Today (ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း) [ဦးထွန်းလွင်၊ ကိုကို (စက်မှုတက္ကသိုလ်)] (အပိုင်း-၁)
- ၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၀ အမျိုးသားပြတိုက် မြန်မာ့အကွဲရာနှင့် လက်ရေးမူပြခန်း
- ၁၀း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၀ FASHION GUIDE (ဒီဇိုင်နာဆန်းဘောက်ရာ၏ ဖက်ရှင်များ)
- ၁၀း၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၅၀ သစ်သီးပင်မျိုးပွားနည်းများ
- ၁၁း၀၅ တေးဂီတအစီအစဉ်
- ၁၁း၁၀ ခေါက်ဆွဲလေးများ၏ ဂီတည
- ၁၁း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၂း၀၅ တေးဂီတအစီအစဉ်
- ၁၂း၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၁၅ တစ်ကျော့ပြန် တီဘီ (အပိုင်း-၁) (ဒေါက်တာ ဇေစိုး)
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ မြန်မာစာ၊ မြန်မာစကား(၆)
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန် ကုန် တိုင်း မရမ်းကုန်း မြို့နယ်နေ စာရေးဆရာမကြီး ဒေါက် တာမတင်ဝင်း (ပညာရေး တက္ကသိုလ်) က ဘိုး ဘွား များ စာ ကြည့် တိုက် အတွက် ငွေကျပ်တစ် သိန်း ငါးသောင်း တန် ဖိုး ရှိ သော ဆရာမကြီး ၏ ထုတ် ဝေ ပြီး စာအုပ် မျိုးစုံ၅၆မျိုးကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့်အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၃-၃-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ စောင့်မျှော်ရူစားကြိုးဝိုင်းစကား
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ**(အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း **အဖေတူသား** (အပိုင်း-၁) အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ နေမျိုးအောင်၊ အကယ်ဒမီ နန္ဒာလှိုင်၊ အကယ်ဒမီ မေသဥ္ဇာဦး၊ အကယ်ဒမီ ပန်းဖြူ၊ သက်မွန်မြင့်၊ (ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုး)

အမှတ်တရလက်ဆောင်ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်အား ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရလက်ဆောင် အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ကြမည့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ၎င်းတို့၏ဇနီးများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက်၉နာရီ ၄၅မိနစ်တွင် နေပြည်တော်လေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်ဧည့်ခန်းမသို့ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ဆိုင်ညဆွန်အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အထူးလေယာဉ်လှေကားအထိ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီးနှင့်ဇနီးတို့အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

လက်ဖွဲ့ယမ်းနှုတ်ဆက်

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် နံနက်၁၀နာရီ၁၅မိနစ်တွင် နေပြည်တော်လေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက နေပြည်တော် လေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်ရှေ့မှ လက်ဖွဲ့ယမ်းကာ နှုတ်ဆက်ကြသည်။

ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွှန့်လှိုင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွေလီ၊ အေ၊ ဆူဖာခက်တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

အဆိုပါ ဂုဏ်ပြု ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွှန့်လှိုင်နှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့နှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ထောင်းလွန်း၊ဆီဆုလစ်နှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွေလီ၊ အေ၊ ဆူဖာခက်နှင့် ဇနီးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဖျော်ဖြေ

ဂုဏ်ပြု ညစာစားပွဲတွင် ညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့နှင့် တွဲဖက်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဓမ္မလက်ဆောင်ပေးအပ်

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီးနှင့်ဇနီးတို့အား သမ္မတကြီးနှင့်ဇနီးတို့၏ ပုံတူပန်းချီကားနှင့် လက်ဆောင်ပစ္စည်းများကို အမှတ်တရ ပေးအပ်ကြသည်။ ဆက်လက်၍ ကျောက်စိမ်းဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

အမှတ်တရလက်ဆောင်

အလားတူ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီးနှင့် ဇနီးတို့ကလည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပြန်လည် ပေးအပ်ကြသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ယင်းနောက် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့သည် ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၇ခုနှစ် မတ်၂၃ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကူရှစ် မာမွတ်ကာစူရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ခေတ်သစ်မျက်မမြင်ပုဏ္ဏားများနှင့် ယနေ့မြန်မာနိုင်ငံ

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ထို့ကြောင့် ဆင်ကိုစမ်းပြီး အုတ်တံတိုင်းနှင့် တူသည်ဟူ၍ လည်းကောင်း၊ ဆင်ကိုစမ်းပြီး လုံနှင့်တူသည်ဟူ၍လည်းကောင်း၊ ဆင်ကိုစမ်းပြီး မြွေနှင့်တူသည်ဟူ၍ လည်းကောင်း၊ ဆင်ကိုစမ်းပြီး ကျွန်းတိုင်နှင့်တူသည်ဟူ၍ လည်းကောင်း၊ ဆင်ကိုစမ်းပြီး ယပ်တောင်နှင့်တူသည်ဟူ၍ လည်းကောင်း၊ ဆင်ကိုစမ်းပြီး ကြိုးနှင့်တူသည်ဟူ၍ လည်းကောင်း မျက်မှန်းရမ်းဆ ကောက်ချက်ချခြင်းသည် အလုံးစုံမှားယွင်းနေသကဲ့သို့ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အဓမ္မအလုပ်ခိုင်းစေနေသည် (Forced Labour)၊ တိုင်းရင်းသူများအား မတရားပြုကျင့်နေသည် (Licensed to Rape)၊ လူနည်းစုများအား ဖိနှိပ် တိုက်ခိုက်နေသည် (Ethnic Cleansing)၊ ကလေးစစ်သားများအသုံးပြုနေသည် (Child Soldiers)၊ လူ့အခွင့်အရေးချိုးဖောက်နေသည် (Human Rights Violations)၊ ဒီမိုကရေစီဖော်ဆောင်ရေးနှောင့်နှေးနေသည် (Delay in Democracy Reform) စသည်ဖြင့် မဟုတ်မမှန်သော အကြောင်းပြချက်များဖြင့် စွပ်စွဲဖိအားပေးနေခြင်းမှာလည်း အမှန်တရားနှင့် လုံးဝ လွဲမှားကွဲပြားပြီး တရားမျှတမှု မရှိကြောင်း သုံးသပ်တွေ့ရှိနိုင်ပေ၏။

ကျော်မင်းအေး

မျက်စိအလင်းမရသော ပုဏ္ဏားခြောက်ယောက်တို့သည် ဆင်၏ပုံသဏ္ဌာန်ကို သိစေခြင်းငှာ စမ်းသပ်ကြလေ၏။

ပထမပုဏ္ဏားသည် ဆင်၏နံဘေးကို စမ်းမိ၍ ဆင်သည် အုတ်နံရံတံတိုင်းနှင့် တူသည်ဟု ပြော၏။

ဒုတိယပုဏ္ဏားသည် အစွယ်ကိုစမ်းသပ်မိသဖြင့် ဆင်သည် သဏ္ဌာန်အားဖြင့် လှံနှင့်တူသည်ဟုဆို၏။

တတိယပုဏ္ဏားသည် နှာမောင်းကိုကိုင်မိသဖြင့် ဆင်ဆိုသည်မှာ မြွေကဲ့သို့ပင် ဖြစ်ပါသည်တကားဟု ဆို၏။

စတုတ္ထပုဏ္ဏားမှာ ခြေထောက်ကို စမ်းမိ၍ ဆင်သည် အမှန်အားဖြင့် ကျွန်းတိုင်ကြီးနှင့် တူသည်ဟု ဆို၏။

ပဉ္စမပုဏ္ဏားသည်ကား နားရွက်ကို စမ်းသပ်မိ၍ ဆင်ဆိုသည်မှာ ယပ်တောင်နှင့်တူသည်ဟု ပြောဆိုလေ၏။

နောက်ဆုံးဖြစ်သော ပုဏ္ဏားသည်ကား အမြီးကို ကိုင်ဆွဲမိ၍ ဆင်သည် ကြိုးတစ်မျိုးဖြစ်သည်ဟု ဆို၏။

ဒေါင်းတံဆိပ်မြန်မာဖတ်စာပါ "မျက်မမြင်ပုဏ္ဏားခြောက်ယောက်အကြောင်း"သင်ခန်းစာတွင်အထက်ပါအတိုင်း ဖော်ပြထားလေ၏။အဆိုပါ မျက်မမြင်ပုဏ္ဏားခြောက်ယောက်ပုံပြင်ကို အကြောင်းတိုက်ဆိုင်တိုင်း ပြန်လည်သတိရမိ၏။

ယခုလည်းမြန်မာနိုင်ငံအပေါ် သူ့ဘက်ကိုယ့်ဘက် အဘက်ဘက်မှ ရှုထောင့်စုံလင်စွာ စဉ်းစားဆင်ခြင်မှု မပြုဘဲ တစ်ဖက်သတ်ရှုမြင်ကာ တစ်ဖက်စောင်းနင်း စွပ်စွဲလုပ်ဆောင်နေသော အနောက်အင်အားကြီးနိုင်ငံနှင့် အပေါင်းပါများ၏ လုပ်ရပ်အမှားများက ခေတ်သစ်မျက်မမြင် ပုဏ္ဏားခြောက်ယောက်အလား ဖြစ်နေပေ၏။

အနောက်အင်အားကြီးနိုင်ငံနှင့် အပေါင်းပါများသည် ၎င်းတို့၏ လွှတ်တော်အမတ်ဆိုသူများမှ တစ်ဆင့် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အာဃာတစွဲ လွန်ကဲ ကြီးမားနေသူများ၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ ရောက်ရှိနေသော ပြည်ပြေးများ၊ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသော လက်ကျန် သောင်းကျန်းသူများနှင့် ကိုလိုနီနယ်ချဲ့လက်ပါးစေ မီဒီယာသမားများထံမှ ပေးပို့ရရှိသည့် သတင်းအချက်အလက်အမှားများကို ဆင်ကြီးအား စမ်းသပ်သည့် မျက်မမြင်ပုဏ္ဏားများပမာ စမ်းသပ်မိပြီး ထင်မိထင်ရာ၊ တွေးမိတွေးရာဖြင့် မြန်မာနိုင်ငံအပေါ် အဝိဇ္ဇာအမှောင်ဖုံးသော မျက်လုံးများနှင့် ရှုမြင်ကာ ၎င်းတို့လိုရာဆွဲ ကောက်ချက်ချအကြောင်းပြပြီး ပိတ်ဆို့ဖိအားပေးနေကြသည်ကို တွေ့ရှိနေရ၏။

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ယူချိန်မှစ၍ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် နိုင်ငံနှင့်ပြည်သူတို့၏ ထာဝရအရေးကို အမျိုးသားရေး မူဝါဒအဖြစ် ချမှတ်ဖော်ဆောင်ခဲ့၏။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းဆောင်တာ ဟူသမျှကို ထိုမူဝါဒ ဘောင်အတွင်းမှ ဆောင်ကြဉ်းပေးလျက်ရှိ၏။ တပ်မတော်အစိုးရက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ခင်းကျင်းချမှတ်ဖော်ဆောင်နေသော အမျိုးသားရေး မဟာဗျူဟာသည် မည်သူ့ကိုမျှ မနှောင့်ယှက် မဖျက်ဆီးဘဲ တစ်မျိုးသားလုံး၏ အမျိုးသားရေးအကျိုးစီးပွားကိုသာ မှန်ကန်ဖြောင့်မတ်စွာ သယ်ပိုးဖော်ဆောင်ပေးနေခြင်း ဖြစ်ကြောင်း ရှုမြင်တွေ့ရှိနိုင်ပါ၏။

အဆိုပါ အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကိုလည်း အစီအစဉ်တကျ ချမှတ်ပြီး မမှိတ်မသုန် ဖော်ဆောင်ပေးလျက်ရှိနေ၏။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဟူသည့် နိုင်ငံရေးဦးတည်ချက်ကို မြန်မာနိုင်ငံ၏ ပကတိလိုအပ်ချက်နှင့် အညီ ဦးစားပေးချမှတ်ဆောင်ရွက်ခဲ့၏။ ထို့ကြောင့် နှစ်ပေါင်း ၄၀ကျော် ပြည်တွင်း သောင်းကျန်းမှုနှင့် ဆူပူအကြမ်းဖက်မှု အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော တိုင်းရင်းသားပြည်သူများသည် အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံသောဘဝကို ပြန်လည်ရရှိ ခံစားနိုင်ခဲ့ကြ၏။ နယ်စပ်ဒေသများအထိ တည်ငြိမ်အေးချမ်းမှု ရရှိလာခဲ့၏။ တရားဥပဒေ စိုးမိုးလာခဲ့၏။ အေးချမ်း လုံခြုံစွာ ရှာဖွေလုပ်ကိုင် နေထိုင်လာနိုင်ခဲ့ကြ၏။

ဆက်လက်၍ ဒုတိယ နိုင်ငံရေး ဦးတည်ချက်ဖြစ်သည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အောင်မြင်အောင် ဖော်ဆောင်နိုင်ခဲ့ပြန်၏။ ယခင်အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင် ဆန့်ကျင်ခဲ့သော တိုင်းရင်းသား အဖွဲ့(၁၇)ဖွဲ့နှင့် အဖွဲ့ငယ် အများအပြားသည် တပ်မတော်အစိုးရနှင့် လက်တွဲပြီး ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ကြ၏။ လက်ကျန်သောင်းကျန်းသူအချို့ ခိုကပ်နေသည့် နယ်စပ်တစ်စိတ်တစ်ဒေသမှလွဲပြီး ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာလာခဲ့၏။ သေနတ်သံ၊ ဗုံးသံနှင့် ယမ်းငွေ့များ ပျောက်ကွယ်သွား၏။ ဒေသခံတို့၏ လူမှုစီးပွားရေးဘဝများ အတွင်းပိုင်းဒေသနှင့်မခြား မြင့်မားလာခဲ့၏။ **ဤအကျိုးဆက်ရလဒ်ကောင်းများသည် မုဒိတာပွားဝမ်းမြောက်စရာ မဟုတ်ပါလော။**

တစ်ပြိုင်တည်းမှာပင် နိုင်ငံသူနိုင်ငံသားများ စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့်စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်း တိုးတက်စေရေးအတွက် စီးပွားရေးဦးတည်ချက် (၄)ရပ်ကိုလည်း ချမှတ် ဖော်ဆောင်ပေးလျက်ရှိ၏။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံ နိုင်ငံဖြစ်၏။ ထို့ကြောင့် လက်ငင်း လက်တွေ့ကျသည့် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးလျက်ရှိ၏။ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာအောင်လည်း ကျင့်သုံးဖော်ဆောင်ပေးနေ၏။

၁၉၈၈ခုနှစ်ကာလက မြန်မာနိုင်ငံ၏ အသားတင်စိုက်ပျိုးမြေဧရိယာမှာ ဧက၁၉သန်းကိုးသိန်းသာရှိခဲ့၏။ ထိုစဉ်က လူဦးရေမှာ ၄၁သန်းကျော်သာ ရှိသေး၏။ နှစ်စဉ် လူဦးရေတိုးတက်မှုနှုန်းမှာ ၂ဒသမ၂ရာခိုင်နှုန်းဖြစ်၏။ ထို့ကြောင့် နောင်တိုးပွားလာမည့် လူဦးရေပမာဏကို မျှော်မှန်းတွက်ချက်ရ၏။

နောင်လာနောက်သားများ မကြောင့်မကြ မတောင့်မတ စားသုံးနိုင်ရအောင် မြေလွတ်၊မြေလပ်၊မြေရိုင်း၊ ရေနက်ကွင်း ဒေသများအား စိုက်ပျိုးမြေသယံဇာတများအဖြစ် ဖော်ထုတ် တိုးချဲ့အသုံးချနိုင်အောင် ဆောင်ရွက်ခဲ့၏။

မိုးလေဝသနှင့် ရာသီဥတုကိုသာ အားထားစိုက်ပျိုးရသော အခြေအနေမှ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

ထို့ကြောင့် ဆင်ကိုစမ်းပြီး အုတ်တံတိုင်းနှင့်တူသည်ဟူ၍လည်းကောင်း၊ ဆင်ကိုစမ်းပြီး လုံနှင့်တူသည်ဟူ၍လည်းကောင်း၊ ဆင်ကိုစမ်းပြီး မြွေနှင့်တူသည်ဟူ၍ လည်းကောင်း၊ ဆင်ကိုစမ်းပြီး ကျွန်းတိုင်နှင့်တူသည်ဟူ၍လည်းကောင်း၊ ဆင်ကိုစမ်းပြီး ယပ်တောင်နှင့်တူသည်ဟူ၍ လည်းကောင်း၊ ဆင်ကိုစမ်းပြီး ကြိုးနှင့်တူသည်ဟူ၍လည်းကောင်း မျက်မှန်းရမ်းဆကောက်ချက်ချခြင်းသည် အလုံးစုံမှားယွင်းနေသကဲ့သို့ မြန်မာနိုင်ငံနှင့် ပတ်သက်၍ အဓမ္မအလုပ်ခိုင်းစေနေသည် (Forced Labour)၊ တိုင်းရင်းသူများအား မတရားပြုကျင့်နေသည် (Licensed to Rape)၊ လူနည်းစုများအား ဖိနှိပ်တိုက်ခိုက်နေသည် (Ethnic Cleansing)၊ ကလေးစစ်သားများအသုံးပြုနေသည် (Child Soldiers)၊ လူ့အခွင့်အရေးချိုးဖောက်နေသည် (Human Rights Violations)၊ ဒီမိုကရေစီဖော်ဆောင်ရေးနှောင့်နှေးနေသည် (Delay in Democracy Reform) စသည်ဖြင့် မဟုတ်မမှန်သော အကြောင်းပြချက်များဖြင့် စွပ်စွဲဖိအားပေးနေခြင်းမှာလည်း အမှန်တရားနှင့် လုံးဝ လွဲမှားကွဲပြားပြီး တရားမျှတမှုမရှိကြောင်း သုံးသပ်တွေ့ရှိနိုင်။

23-3 (04) 1 3/23/07, 1:55 PM

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

လွန်မြောက်အောင် ကြံဆောင်ခဲ့ရ၏။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်တမံပေါင်း ၂၀၀နီးပါးကို တစ်လ တစ်ခုနှုန်းဖြင့် တည်ဆောက်ပေးခဲ့၏။ မြစ်ရေတင်စီမံကိန်း ၂၉၈ခုကိုလည်း အကောင်အထည်ဖော်ပေးခဲ့၏။ ကျေးလက်ဆည်ပေါင်း ၉၉၉ခု၊ မြေအောက်ရေလှောင်ကန်ခွင်းများနှင့် အငယ်စား ချောင်းပိတ်၊ မြောင်းပိတ် လုပ်ငန်းများမကျန် ကွက်ပြည့်နီးပါး ဆောင်ရွက်ပေးထား၏။

ထို့ကြောင့် အသားတင်စိုက်ပျိုးမြေဧက ၂၉ သန်းသုံးသိန်းအထိ တိုးတက်လာ၏။ တစ်နှစ်တာကာလ စိုက်ပျိုးနိုင်မှုသည် ယခင် ၁၉၈၈ခုနှစ်က ဧက ၂၃သန်းရှစ်သိန်းသာရှိခဲ့၏။ ယခုအခါ ဧက၄၆သန်းကိုးသိန်းအထိ မြင့်တက်လာ၏။ မြန်မာပြည်သူတို့၏ အခြေခံအစားအစာအတွက် မိုးစပါးအပြင် နွေစပါးကိုပါ တီထွင်စိုက်ပျိုးပေး၏။ မိုးစပါးစိုက်ဧကသည် ယခင်က ဧက ၁၁ သန်းသာရှိ၏။ ယခုအခါဧက ၁၆သန်းရှစ်သိန်းအထိရှိနေ၏။ ယခင်က နွေစပါးစိုက်ပျိုးနိုင်မှုမရှိ။ ယခု နွေစပါးဧကသုံးသန်းလေးသိန်းရှိလာ၏။ အခြားသီးထပ်သီးနှံများကိုလည်း တိုးမြှင့် စိုက်ပျိုးနိုင်လျက်ရှိ၏။

သီးနှံစိုက်စွမ်းအား၁၅၇ ရာခိုင်နှုန်းကျော် တိုးတက်လာ၏။ ပဲမျိုးစုံစိုက်ဧက ၁၁ဆ၊ ဆီထွက်သီးနှံစိုက်ဧက သုံးဆ၊ စားဖိုဆောင်သီးနှံစိုက်ဧက လေးဆအထိ တိုးတက်စိုက်ပျိုးနိုင်လျက်ရှိ၏။ ၁၉၈၈ခုနှစ်ကာလက နှစ်စဉ်စပါးတင်းသန်းပေါင်း ၆၅၃သန်းမျှသာထွက်၏။ ယခု နှစ်စဉ် တင်းသန်းပေါင်း ၁၃၆၀အထိ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်၏။ လက်ရှိ လူဦးရေ ၅၅ဒသမ၄ သန်းကျော်အတွက် ဖူလုံရုံမက ပိုလျှံလာ၏။

သို့ရာတွင် လူဦးရေက ဆက်လက်တိုးတက်နေ၏။ နောင်ဖြစ်ပေါ်လာမည့် လူဦးရေ သန်း၁၀၀ အတွက် စားနပ်ရိက္ခာဖူလုံ ပိုလျှံရေးကိုပါ မျှော်မှန်းဖော်ဆောင်ပေးနေ၏။ နှစ်စဉ် စပါးတင်းသန်းပေါင်း ၁၅၀၀ ကျော်ထွက်ရှိရေး စီမံကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ၏။ နိုင်ငံတော်က ယနေ့ဖော်ဆောင်ပေးထားသည့် စိုက်ပျိုးရေးကဏ္ဍ အခြေခံကောင်းများကို ထပ်လောင်းမြှင့်တင်ခြင်းဖြင့် နောင်လေးငါးနှစ်အတွင်း မြန်မာနိုင်ငံသည် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း အဓိကတင်ပို့သည့် ထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်ကြောင်း အလားအလာကောင်းများ တွေ့မြင်နေရပြီ ဖြစ်၏။ ဤအကျိုးဆက်ရလဒ်ကောင်းများသည် မုဒိတာပွား ဝမ်းမြောက်စရာ မဟုတ်ပါလော။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး တစ်ခေတ် ဆန်းသစ်လာ၏။ အခြားစီးပွားရေးကဏ္ဍများလည်း ဘက်စုံယှဉ်တွဲ တိုးတက်လာ၏။ တစ်ဆက်တည်းမှာပင် ဈေးကွက်စီးပွားရေးစနစ် အခြေခံကောင်းများ ပီပြင်စွာ ဖြစ်ပေါ်လာအောင် ဖော်ဆောင်ပေးလျက်ရှိ၏။ ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်နေ၏။

စက်မှုလက်မှုကဏ္ဍကို သာဓကပြရလျှင် စက်ရုံအလုပ်ရုံသစ်များ တည်ထောင်ဖွင့်လှစ်၏။ လက်ရှိစက်ရုံများကို တိုးချဲ့မွမ်းမံ၏။ စက်မှုလက်မှု ဖွံ့ဖြိုးရေးဇုန်များ ထူထောင်အားပေး၏။ ပုဂ္ဂလိကအလုပ်ရုံစက်ရုံများကို စုစည်းပြီး စက်မှုဇုန်၁၈ဇုန် တည်ထောင်ပေးထား၏။ စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်အောင် အခြေခံကောင်းများတည်ဆောက်ပေးနေခြင်းဖြစ်၏။ စက်ရုံအလုပ်ရုံ ၆၆၁၀ အပါအဝင် စက်ရုံ အလုပ်ရုံ အလုပ်ဌာနပေါင်း ၄၂၀၀၀ ကျော်အထိ ရှိလာ၏။ အထူးစီးပွားရေးဇုန်များ ထူထောင်ဖွင့်လှစ်ဦးမည်ဖြစ်ရာ စက်မှုနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာမည့် အလားအလာကောင်းများကို မျှော်မှန်းပုံဖော်ကြည့်၍ ရနေ၏။

ယခုအခါ စားရေး၊ဝတ်ရေး၊နေထိုင်သွားလာရေး၊ လမ်းပန်းဆက်သွယ် ပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံ၌ အခြေခံကောင်းများ ရရှိဖြစ်ထွန်းလျက်ရှိ၏။ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပွင့်လန်းတိုးတက်လာ၏။ မြန်မာနိုင်ငံ၌ အလုပ်လုပ်နိုင်သူ လူဦးရေ ၃၄ ဒသမ ၇ သန်းကျော်အထိ ရှိနေ၏။ ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော် တိုးတက်မြင့်မားလာခြင်းဖြစ်၏။

လယ်ယာအလုပ်သမား ၂၂ ဒသမ ၃ သန်းကျော်ရှိ၏။ စက်မှုအလုပ်သမား ၄ ဒသမ ၈ သန်းကျော်ရှိ၏။ ဝန်ဆောင်မှုအလုပ်သမား ၇ ဒသမ ၅ သန်းကျော်ရှိနေ၏။ လယ်ယာကဏ္ဍတွင် နှစ်ဆကျော်၊ စက်မှုလက်မှုကဏ္ဍတွင် နှစ်ဆခွဲကျော်၊ ဝန်ဆောင်မှုကဏ္ဍတွင် နှစ်ဆနီးပါး တိုးတက်လာခြင်း ဖြစ်၏။ ပြည်ပအလုပ်အကိုင်အခွင့်အလမ်း ရယူလိုသူများအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိ၏။ **ဤအကျိုးဆက်ရလဒ်ကောင်းများသည် မုဒိတာပွား ဝမ်းမြောက်စရာ မဟုတ်ပါလော။**

တပ်မတော်အစိုးရက လူမှုရေးဦးတည်ချက် (၄)ရပ်ကိုလည်း ချမှတ် ဖော်ဆောင်ပေးနေ၏။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး ဦးတည်ချက်ဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိ၏။ နိုင်ငံတစ်ဝန်းလုံး ပညာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းရုံမက အဆင့်အတန်း မြင့်မားအောင် ထူထောင်ပေးနေ၏။ ကျေးလက်နှင့်နယ်စပ်အထိ ပညာသင်ယူနိုင်ရေး စီမံဆောင်ရွက်ပေးထား၏။ ၁၉၈၈ ခုနှစ်၌ မူလတန်းကျောင်း ၃၃၃၂၉ ကျောင်းသာရှိ၏။ ယခု ၃၅၈၉၃ ကျောင်းအထိ ရှိလာ၏။ ၁၉၈၈ ခုနှစ်၌ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းသာရှိ၏။ ယခု ၂၆၀၀ အထိ ရှိလာ၏။ ၁၉၈၈ ခုနှစ်၌ အထက်တန်းကျောင်း ၇၂၂ ကျောင်းသာရှိ၏။ ယခု ၂၀၄၅ ကျောင်းအထိ ရှိလာ၏။

ပညာသင်ယူမှု ခါးဆက်မပြတ်ရေးအတွက် မူလတန်းလွန်ကျောင်းများ၊ အလယ်တန်းကျောင်းခွဲများ တိုးချဲ့ဖွင့်လှစ်ပေး၏။ အထက်တန်းကျောင်းခွဲများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေး၏။ တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၁၈၁၆ ကျောင်း ဖွင့်လှစ်ပေးထား၏။ ကျေးရွာငါးရွာတွင် ကျောင်းသုံးကျောင်းနှုန်း ရှိနေ၏။ တစ်မိုင်ခွဲအကွာအဝေးတိုင်း၌ စာသင်ကျောင်း တစ်ကျောင်းရှိနေ၏။

၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး၌ တက္ကသိုလ် ကောလိပ် ၃၂ ခုသာရှိ၏။ အများစုမှာ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများ၌သာ ရှိနေခဲ့၏။ ကျောင်းအရေအတွက် နည်းပါးခဲ့၏။ ကျောင်းသားကိုလည်း အကန့်အသတ်ဖြင့်သာ လက်ခံနိုင်ခဲ့၏။ ယခုအခါ တက္ကသိုလ် ကောလိပ် ၁၆၀ ကျော်အထိ တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်ပေးထား၏။

ပြည်နယ်၊ တိုင်းအသီးသီး၌ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု သတ်မှတ် ဆောင်ရွက်ပေးနေ၏။ ဒေသတိုင်း၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခုရှိ၏။ နည်းပညာတက္ကသိုလ်တစ်ခုရှိ၏။ ကွန်ပျူတာတက္ကသိုလ်တစ်ခုရှိ၏။ ဒေသခံပြည်သူများ အဆင့်မြင့်ပညာ သင်မလား၊ ကွန်ပျူတာပညာ သင်မလား၊ နည်းပညာ သင်မလား၊ ယခင်ကလို မဝေးလံမခေါင်းပါး၊အိုးမကွာအိမ်မကွာသင်ယူနိုင်ကြ၏။

၁၉၈၈ ခုနှစ်၌ အဆင့်မြင့်ပညာ သင်ကြားသူကျောင်းသားဦးရေ ၃၆၀၀၀ သာရှိခဲ့၏။ ယခု ၄၂၈၀၀၀ အထိ တိုးတက်လာ၏။ ယခင်က ဘွဲ့ရသူဦးရေ ၄၅၈၀၀၀ သာ ရှိခဲ့၏။ ယခု ၁ဒသမ၂၂သန်းအထိ တိုးတက်လာ၏။ နိုင်ငံအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းအသီးသီးတွင် ပညာသင်ယူလျက်ရှိသော ကျောင်းသူကျောင်းသားများ ကမ္ဘာ့အဆင့်မီပညာရပ်များကို သင်ကြားလေ့လာ ဆည်းပူးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူ ပစ္စည်းများ၊ သင်ကြားပို့ချသူ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်အဆင့်အတန်း မြင့်မားရေးအတွက်လည်း ကြိုးပမ်းမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ၏။ နောင်လေးငါးနှစ်အတွင်း မြန်မာ့လူ့စွမ်းအားအရင်းအမြစ်၏ နည်းပညာကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်အဆင့်အတန်း အံ့မခန်းတိုးတက်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို စွမ်းစွမ်းတမံ ပါဝင်တည်ဆောက်နိုင်တော့မည်ကို တွေးမြင်ပုံဖော်ကြည့်နိုင်၏။ **ဤအကျိုးဆက် ရလဒ်ကောင်းများသည် မုဒိတာပွား ဝမ်းမြောက်စရာ မဟုတ်ပါလော။**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကိုလည်း မြှင့်တင်ပေးနေ၏။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု တစ်နိုင်ငံလုံး လွှမ်းခြုံအောင် နှစ်(၃၀)နှစ်ရှည် ကျန်းမာရေးစီမံကိန်း (၂၀၀၁-၂၀၃၀) ရေးဆွဲဖော်ဆောင်လျက်ရှိ၏။

တစ်နိုင်ငံလုံးတွင် ၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ ရုံသာရှိခဲ့၏။ ယခု ၈၃၂ ရုံအထိ တိုးမြှင့်ဖွင့်လှစ်ပေးထား၏။ ယခင်က အထူးကုဆေးရုံကြီး ၆၇ ရုံသာရှိခဲ့၏။ ယခုအထူးကုဆေးရုံကြီး ၉၄ ရုံအထိ ရှိလာပြီဖြစ်၏။ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခု၌ အနည်းဆုံးခုတင် (၂၀၀) ဆံ့ ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးထား၏။ နယ်စပ်ဒေသ ဆေးရုံဆေးခန်းများနှင့် ကျေးလက်ကျန်းမာရေးဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနေ၏။

အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ဖယ်ရှားနိုင်ခဲ့၏။ ပိုလီယိုရောဂါ ကင်းဝေးသော နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့၏။ အိုင်အိုဒင်း ချို့တဲ့မှု ကင်းစင်ကြောင်း ကြေညာနိုင်သည့် အခြေအနေရောက်ရှိနေပြီဖြစ်၏။ အဓိကရောဂါကြီး သုံးမျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ပြည်တွင်း ပြည်ပ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးချဲ့လုပ်ဆောင်လျက်ရှိ၏။ မူးယစ်ဆေးသုံးစွဲမှု ပပျောက်ရေးလုပ်ငန်းကိုလည်း မျက်ခြည်မပြတ်ဆောင်ရွက်ပေးနေ၏။ ပြည်သူလူထု၏ မျှော်မှန်းနိုင်သော သက်တမ်း (Life Expectancy)သိသိသာသာ မြင့်မားတိုးတက်လာ၏။ **ဤအကျိုးဆက် ရလဒ်ကောင်းများသည် မုဒိတာပွား ဝမ်းမြောက်စရာ မဟုတ်ပါလော။**

ဤသည်တို့မှာ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ် ဖော်ဆောင်အောင်မြင်မှု၏ ကောက်ကြောင်းအချို့မျှသာဖြစ်၏။ အနာဂတ်မြန်မာနိုင်ငံ၏ ပုံရိပ်မှာ မပြီးသေးသော ပန်းချီကားတစ်ချပ်နှယ် စိတ်ပါဝင်စားအားတက်ဖွယ် ကောင်းလျက်ရှိ၏။ ထိုပန်းချီကားချပ်ကို ဘယ်ပန်းချီရေးလို့မှ မမီသော စေတနာမေတ္တာဖြင့် တပ်မတော်အစိုးရက စီခြယ်ပေးနေခြင်းဖြစ်ပါ၏။

ကမ္ဘာ့သမိုင်း၏ ဒီမိုကရေစီဖြစ်ထွန်းတိုးတက်မှုကို လေ့လာကြည့်ရှုသင့်ကြ၏။ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ကြရာ၌ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေး ခိုင်မာတောင့်တင်းမှုနှင့် ပညာရည်မြင့်မားတိုးတက်မှုများ မရှိမဖြစ် လိုအပ်ကြောင်း တွေ့ရှိရမည်ဖြစ်၏။ ဤ မဏ္ဍိုင်သုံးရပ် ကြံ့ခိုင် တောင့်တင်းပြီး အချိုးညီချိန်ရောက်မှသာ ဒီမိုကရေစီနိုင်ငံဟူ၍ အခြေတကျ ဖြစ်ထွန်းလာကြ၏။

တပ်မတော်အစိုးရက ဖော်ပြပါ အခြေခံကောင်း (၃)ရပ်ကို အနာဂတ် နိုင်ငံတော်အတွက် စနစ်တကျ တည်ဆောက်ပေးနေခြင်းဖြစ်၏။ ယင်း အခြေခံကောင်းများ ရရှိဖြစ်ထွန်းလာချိန်တွင် တတိယမြောက် နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်ရေးကို ရေးရှုဆောင်ရွက်ခဲ့၏။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကမ္ဘာသိ ချမှတ်ကြေညာခဲ့၏။ လက်တွေ့ဖော်ဆောင်ပေးနေ၏။

အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ ရရှိအောင် ဆွေးနွေးညှိနှိုင်းချမှတ်ပေးလျက် ရှိ၏။ အမျိုးသားညီလာခံကြီး မကြာခင်အောင်မြင်စွာ ကျင်းပပြီးမြောက်တော့မည်ကို ပြည်သူတိုင်း သိရှိနေကြ၏။

အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ပေးနေသောမူများသည် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးမှုကို အာမခံချက်ပေးထားကြောင်း လေ့လာကြည့်လျှင် သိနိုင်၏။

ယနေ့ကာလသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ကာလဖြစ်၏။ ဒီမိုကရေစီကို ရေခံမြေခံ အခြေခံကောင်း၌မျိုးစေ့ချထား၏။ ရေလောင်းပေါင်းသင် မြေတောင်မြှောက် ပြုစုစောင့်ရှောက်ပေးနေ၏။ ဒီမိုကရေစီကို ဖူးရာမှငုံ၊ ငုံရာမှပွင့် ရေကန်အသင့် ကြာအသင့်ဖြစ်အောင်၊ ရေလည်းမြင့် ကြာလည်းတင့်အောင် ထူထောင်ဖော်ဆောင်ပေးနေကြောင်း ပြည်သူတို့က သိရှိနေကြ၏။

သို့ရာတွင် အပေါင်းအသင်းမှားပြီး မသိသားဆိုးရွား ရှုမြင်သုံးသပ်မှု လွဲမှားနေသူ ခေတ်သစ်မျက်မမြင်ပုဏ္ဏားများက မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး မျက်ရမ်းမှန်းဆ စွပ်စွဲပြောကြား ဖိအားပေးနေ၏။ ကြမ်းပိုးကိုလိပ် တစ်ဆိတ်ကို တစ်အိတ်ဖြစ်အောင် ပုံကြီးချဲ့နေကြ၏။ အကောင်းကိုမမြင်၊ အဆိုးသာထင်နေကြ၏။ ဒီမိုကရေစီ အသွင်ကူးပြောင်း တိုးတက်မှုကို မျက်ကွယ်ပြုပြီး နောက်မှပေါက်သည့် ရွှေကြာပင် လုပ်ချင်နေကြ၏။ အခုရေတွင်းတူး အခုရေကြည်သောက် မျက်ခုံးမွေးတစ်ထောက်လောက်သာ ကြည့်ပြီး နှုတ်လွယ်လျှာလွယ် လွယ်လွယ်ပြောနေကြ၏။

ဒီမိုကရေစီဖော်ဆောင်မှုသည် အငိုလွယ်၍ အရိုက်ခက်၏။ ဒီမိုကရေစီဖော်ဆောင်မှုသည် အပြောလွယ်၍ အလုပ်ခက်၏။ယနေ့ အနောက်ဇာတ်သွင်းခံနေရသော အီရတ်နိုင်ငံ၏ ဒီမိုကရေစီသည် မီးလျှံထဲမှ ပဒုမ္မာကြာလိုဖြစ်နေ၏။ ထိုသဘောကို ၎င်းတို့ မသိနားမလည်၍လော စောကြောကြည့်ရန် လိုအပ်မည်ထင်ပါ၏။ ယနေ့ ဒီမိုကရေစီထွန်းကားနေသည်ဆိုသော အမေရိကန် ပြည်ထောင်စု၏သမိုင်းကို ကြည့်ရုံနှင့်ပင် အဖြေကို သိနိုင်၏။

အမေရိကန်ပြည်ထောင်စုကို ထူထောင်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ရာကျော် ရှိခဲ့ပြီဖြစ်၏။ ၁၇၇၆ခုနှစ် ဇူလိုင်လ ၄ရက်နေ့တွင် ဗြိတိသျှကိုလိုနီဘဝမှ ရုန်းထွက်ကာ လွတ်လပ်ရေးကြေညာခဲ့၏။ ၁၇၈၇ခုနှစ် မေလတွင် ကိုယ်စားလှယ် ၅၅ဦးခန့် တက်ရောက်ပြီး အခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံ ကျင်းပခဲ့၏။ ထိုကာလမတိုင်မီ ပြည်ထောင်စုမှခွဲထွက်မည့် အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းခဲ့ရသေး၏။ ပြည်တွင်းစစ်ကြီး သွေးချောင်းစီးခဲ့၏။ ကနဦး ဒီမိုကရေစီစနစ် ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြည့်မစုံ ရေးဆွဲချမှတ်ခဲ့ရခြင်းဖြစ်၏။ နောက်ပိုင်းကျမှ တဖြည်းဖြည်းနှင့် တည်ငြိမ်ရင့်ကျက်လာခြင်း ဖြစ်၏။ စိတ်ရှည်သည်းခံမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ ပြင်ဆင်ဖြည့်စွက်မှုတို့ဖြင့် အချိန်ယူ ဆောင်ရွက်နေရဆဲ ဖြစ်၏။

အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရေစီသက်တမ်း ရင့်ကျက်မှုကို ဘိုးအေအရွယ်ဟုဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပျိုးထောင်ဖော်ဆောင်မှု သက်တမ်းမှာ လူလားမြောက်စ ရင်လိုင်ပြန်စ အရွယ်မျှသာ ဖြစ်၏။ သို့ဖြစ်လျက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်ကျင့်သုံးမှု နှေးကွေးနေသည်ဟု အဘယ်သဘောနှင့် အပြစ်ဖို့ ပိတ်ဆို့တားဆီး နေပါသလောဟု မေးလို၏။

မြန်မာနိုင်ငံသည်ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး (LDC) နိုင်ငံဘဝမှ ကိုယ့်အားကိုယ်ကိုး ရုန်းကန်ခဲ့ရ၏။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရစ်သည့် ၁၉၈၈ ခုနှစ်ကာလမှ ယခုကဲ့သို့ ကိုယ့်ခြေထောက်ပေါ်ကိုယ်

စာမျက်နှာ ၆ ကော်လံ ၁ သို့

ထို့ကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို မြှင့်တင်အားပေးရမည့်အစား ဝိုင်းပယ် ဖိအားပေးခြင်းဖြင့် အကျိုးထူးမလာကြောင်း ပညာမျက်စိဖြင့် အမှန်တကယ် ပြန်လည်ရှုမြင်သင့်။

ပိတ်ဆို့ ဖိအားပေးနေခြင်းသည် မြန်မာပြည်သူ အများစုအား ဆင်းရဲတွင်းနက်အောင် တွန်းချနေခြင်းဖြစ်ကြောင်း အမှန်အတိုင်းမြင်သင့်ကြပြီ။

မိမိတို့လုပ်ရပ်သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေး အသွင်ကူးပြောင်းမှုအတွက် လိုအပ်ချက်များကို ဖန်တီးဖြည့်ဆည်း ပေးနေခြင်းလား၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များကို တစ်စတစ်စ ပြုန်းတီးပျက်စီးလာအောင် အမှားမှားအယွင်းယွင်း လုပ်ဆောင်နေမိခြင်းလား စဉ်းစားဆင်ခြင်သင့်။

စာမျက်နှာ ၅ ဆောင်းပါးမှအဆက်

ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်အောင် ကြိုးပမ်းခဲ့ရခြင်း ဖြစ်၏။

ယနေ့ ဖွံ့ဖြိုးတိုးတက်သည်ဆိုသော နိုင်ငံတိုင်း ပြည်ပအကူအညီ အထောက်အပံ့ရရှိခဲ့ကြ၏။ ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ အမြောက်အမြားရရှိခဲ့ကြ၏။ ယင်းနိုင်ငံရပ်ခြား ကူညီထောက်ပံ့မှုများဖြင့် အရှင်မွေး နေ့ချင်းကြီးခဲ့ကြခြင်း ဖြစ်၏။ ထိုသို့ ဖွံ့ဖြိုးတိုးတက်နေသော၊ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော နိုင်ငံတိုင်းလိုလိုမှာပင် လူမှုစီးပွားရေး အခက်အခဲများ ရှိနေသေး၏။ ယနေ့တိုင် ဖြေရှင်းပေးနေရဆဲဖြစ်သည်မှာ လူတိုင်း သိနေသည့်ကိစ္စဖြစ်ပါ၏။

မြန်မာနိုင်ငံသည် ပြည်တွင်းဆူပူသောင်းကျန်းမှု ဒဏ်ကို နှစ်ပေါင်း ၄၀ ကျော်ခံခဲ့ရ၏။ ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးခဲ့မိခြင်းကြောင့် အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်နှင့် အလှမ်းဝေးခဲ့၏။ မျက်ခြည်ပြတ်ခဲ့၏။ ၁၉၈၈ ခုနှစ်ကာလအထိ မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းဟူ၍ မည်မည်ရရ မရှိဟုဆိုနိုင်၏။ အရေးအခင်းကာလ၌ ဆူပူအကြမ်းဖက် သောင်းကျန်းသူတို့၏ လက်ချက်ကြောင့် ရှိစုမဲ့စု အခြေခံကောင်းဟူသမျှ ဗုန်းဗုန်းလဲကျခဲ့ရပြန်၏။

တပ်မတော် အစိုးရလက်ထက်တွင် နယ်စပ်ဒေသများတိုးတက်အောင် လုပ်ဆောင်ပေးရ၏။ ကျေးလက်ဒေသများဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးရ၏။ စားနပ်ရိက္ခာအရေး စိတ်အေးရအောင် ဆည်၊ တမံများပုံအောတည်ဆောက်ပေးခဲ့ရ၏။ သွားရေးလာရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဆင်ပြေချောမွေ့အောင် လမ်းတံတားများကို မိုင်ပေါင်း ထောင်သောင်းချီ၍ တည်ဆောက်ဖောက်လုပ်ပေးခဲ့ရ၏။ စက်ရုံအလုပ်ရုံများ ထောင်ချီတိုးပွားအောင် ထူထောင်ဖွင့်လှစ်ပေးနေရ၏။ တက္ကသိုလ်၊ ကောလိပ် စာသင်ကျောင်းနှင့် ဆေးရုံ ဆေးခန်းများ ရာပေါင်းချီ ထွန်းကားအောင် တိုးချဲ့ဖွင့်လှစ်ပေးနေရ၏။

အဆုံးစွန်ဆိုရသော် တပ်မတော်အစိုးရက ဘက်စုံမြှင့်တင်မှုမပြုခဲ့သော ကဏ္ဍဟူ၍ တစ်ခုမျှမရှိဟု ဆိုရမည်ဖြစ်၏။ တပ်မတော်အစိုးရက ဘက်စုံ မြှင့်တင်မှုမပြုခဲ့သော ဒေသဟူ၍ တစ်ခုမျှမရှိဟု ဆိုနိုင်၏။ ထို့ကြောင့်လည်း မျက်မှောက်ခေတ်၏ ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်များကို တိုင်းရင်းသား ပြည်သူဟူသမျှ မရဟူ၍ မရှိ၊ ကိုယ်စီကိုယ်ငသင့်တင့်မျှတစွာ ရရှိခံစားနေကြရခြင်း ဖြစ်၏။

၁၉၈၈ခုနှစ် မတိုင်မီကာလကဆိုလျှင် ထိုဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ မဆိုထားနှင့် တည်ငြိမ်အေးချမ်းမှု၏အရသာကိုပင် နယ်စပ်ဒေသမှ ပြည်သူများ လုံးဝမရရှိ၊ မခံစားခဲ့ရကြောင်း တွေ့ရှိနိုင်ပါ၏။ ကျေးလက်ဒေသနေ ပြည်သူများမှာလည်း အနည်းအကျဉ်းမျှသာ ရရှိခံစားခဲ့ရ၏။

မြို့ပြနေ ပြည်သူတို့မှာ အထိုက်အလျောက်ရရှိခံစားခဲ့ကြရသည်ဟု ဆိုရမည်ဖြစ်၏။

ယခုအခါ နယ်စပ်နှင့်ကျေးလက်မကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၅၅ ဒသမ ၄ သန်းကျော်သော ပြည်သူများသည် နိုင်ငံတော်၌ ဖြစ်ထွန်းလာသော ငြိမ်းချမ်းမှု၏အကျိုးဆက်ဖြစ်သည့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခြေခံကောင်းများကို မရဟူ၍ မရှိ အားလုံးရရှိခံစားနေကြရပြီဖြစ်၏။ ဆိုလိုသည်မှာ ယနေ့နိုင်ငံတော် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်များသည် နယ်စပ်နှင့်ကျေးလက်မကျန် တစ်နိုင်ငံလုံးအတိုင်းအတာအထိ သက်ရောက်စီးဆင်းပျံ့နှံ့နေခြင်း ဖြစ်၏။ ထို့ကြောင့် တိုးတက်မှုပမာဏမှာ ဒေါင်လိုက်သဘောအရ မမြင့်မားလှသေးဟု ဆိုနိုင်သော်လည်း အလျားလိုက်သဘောအရ အလွန်ကျယ်ကျယ်ပြန့်ပြန့် စီးဆင်းပျံ့နှံ့လျက်ရှိကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရှိရမည်ဖြစ်၏။

နိုင်ငံ၏ ကဏ္ဍအသီးသီး၊ ဒေသအသီးသီး၌ မရှိမဖြစ်လိုအပ်နေသော တည်ဆောက်ရေးလုပ်ငန်းကြီးများကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ယင်းသို့အားဖြည့် ဆောင်ရွက်ပေးနေခြင်းဖြစ်၏။ သို့ရာတွင် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ အတားအဆီး၊ အနှောင့်အယှက်မရှိ ကူညီအားပေးမှုအပြည့်ဖြင့် စိတ်သွားတိုင်းကိုယ်ပါ ဆောင်ရွက်နိုင်ခြင်း မဟုတ်ကြောင်း လူတိုင်းသိရှိနေကြ၏။ မြန်မာနိုင်ငံအပေါ် ခေတ်သစ် မျက်မမြင်ပုဏ္ဏားများကဲ့သို့ ရှုမြင်နေသော အနောက် အင်အားကြီးနိုင်ငံနှင့် အပေါင်းပါများက ၁၉၉၃ ခုနှစ်မှစပြီး စီးပွားရေးပိတ်ဆို့မှု၊ ကုန်သွယ်ရေးပိတ်ဆို့မှု၊ ရင်းနှီးမြှုပ်နှံရေးပိတ်ဆို့မှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိတ်ဆို့မှုများ ပြုထား၏။ ထိုသို့သော ပိတ်ဆို့တားဆီးမှုများသာ မရှိပါက မြန်မာနိုင်ငံသည် ယခု အခြေအနေထက် နှစ်ဆတိုး၍ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ဆသိနိုင်ကြပါ၏။

မိဘများသည် သားသမီးတိုင်းအပေါ် ကျောသားရင်သား မခွဲခြားဘဲ **“ဆင်စီးမြင်းရံ”** စေလိုသောဆန္ဒအပြည့်အဝရှိကြစမြဲဖြစ်၏။ တပ်မတော် အစိုးရက မိမိတို့အား သားသမီးအပေါ် ထားရှိသော မိဘဝတ္တရား၊ စေတနာ မေတ္တာများဖြင့် ပြုစုပျိုးထောင် ကာကွယ်စောင့်ရှောက်ပေးနေကြောင်း ပြည်သူလူထုက သိရှိနေကြ၏။ စေတနာမှန်ဖြင့် ဖော်ဆောင်ပေးနေခြင်းဖြစ်၍ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ မလွဲမသွေ အောင်မြင်မည်ဟုလည်း ယုံကြည်ထားကြ၏။ ထို့ကြောင့်လည်း မွေ့ခံထိုက်စေ လျှမ်မျှဝေ၍ စောင့်လေမျိုးနွယ်ဟူသည့် ဝတ္တရားအသွယ်သွယ်နှင့်အညီ မိသားစုစိတ်ဓာတ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိ၏။

စေတနာရှင် ပြည်သူများက နိုင်ငံတော်၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများတွင် ငွေအား၊ လူအားဖြင့် ပါဝင်ကူညီ ဆောင်ရွက်နေကြ၏။ ကိုယ့်အားကိုယ်ကိုး လမ်းတံတားများ တည်ဆောက်ဖောက်လုပ်နေကြ၏။ ဆေးရုံ၊ ဆေးပေးခန်းများနှင့် စာသင်ကျောင်းများ ဆောက်လုပ် လှူဒါန်းနေကြ၏။ ကျေးရွာ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် ကမကထပြု လှူဒါန်းမှုဖြင့် တိုင်းကျိုးပြည်ပြုနေကြ၏။ ပညာဘဏ်တိုက် စာကြည့်တိုက်များ တစ်နိုင်ငံလုံး ထွန်းကားအောင် ဝိုင်းဝန်းဆောင်ရွက်နေကြ၏။ အမျိုးသားရေး အကျိုးစီးပွားကို ရှေးရှုပြီး အမြော်အမြင်ကြီးမားစွာဖြင့် ကဏ္ဍအသီးသီး၌ ပါဝင်ပူးပေါင်းလုပ်ဆောင်နေကြ၏။ **ဤအကျိုးဆက် ရလဒ်ကောင်းများသည် မုဒိတာပွားဝမ်းမြောက်စရာ မဟုတ်ပါလော။**

ခြုံ၍ဆိုရလျှင် ဘေးထိုင်ဘုပြော ဘေးဥပဒ်အန္တရာယ်ပေးနေသူ လက်တစ်ဆုပ်စာ လူတစ်စုမှလွဲ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိတို့အားလုံး ကျရာကဏ္ဍမှ တစ်ယောက်တစ်လက် တစ်တပ်တစ်အား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ တိုင်းပြည်နှင့်လူမျိုး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်မည်ဟု သိမြင်ပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်နေကြခြင်း ဖြစ်၏။

နှောင်ကြိုးရှည်ရှည်ဖြင့် လှန်ထားသော ပြည်ပအကူအညီကို မျှော်ကိုးတောင့်တနေခြင်းဖြင့် အချိန်ကုန်လူပန်း စိတ်ဝမ်းကွဲမှုအဖြစ်မခံ၊ မိမိတို့ နိုင်ငံအတွက် တစ်စိတ်တည်းတစ်ဝမ်းတည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ လက်တွဲဆောင်ရွက်ကြမည်ဟူသော ဆန္ဒသဘောထားဖြင့် လက်တွေ့ကျကျ ဆောင်ရွက်နေကြခြင်း ဖြစ်ပါ၏။

ယခုအခါ တိုင်းပြည် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအားလုံးလိုလို၌ အခြေခံကောင်းများ ရာနှုန်းပြည့်နီးပါး တည်ဆောက်ထားနိုင်ခဲ့ပြီဖြစ်၏။ အလားအလာကောင်း များစွာကိုလည်း ဖော်ညွှန်း ပေးထားနိုင်ပြီဖြစ်၏။ ဆက်လက်၍ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် စက်မှုနိုင်ငံအဖြစ် တက်လှမ်းနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားကဏ္ဍ၌ ဖိဖိစီးစီးတည်ဆောက်ပေးနေကြောင်း တွေ့ရှိနိုင်၏။ လက်ရှိတည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၂၀ ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၅၈၆၃ မဂ္ဂါဝပ်အထိ ရရှိလာမည်ဖြစ်၏။ ထို့ကြောင့် လာမည့်သုံးလေးနှစ်အတွင်း လျှပ်စစ်ဓာတ်အား ဖူလုံရုံမက ပိုလျှံလာတော့မည်ဖြစ်၏။

ဤမျှဆိုလျှင် တပ်မတော်အစိုးရက နိုင်ငံနှင့်လူမျိုးအတွက် အဆိုးမလုပ်၊ အကျိုးမယုတ်စေမည့် ဖြစ်သင့်ဖြစ်ထိုက်သည်မှန်သမျှကို လုပ်ဆောင် အကောင်အထည်ဖော်ပေးနေကြောင်း ပေါ်လွင်ထင်ရှားလောက်ပြီ ဖြစ်၏။ **ပြည်တွင်းပြည်ပ ဟန့်တားနှောင့်ယှက် ပိတ်ဆို့မှုအမျိုးမျိုးကြားမှ ဆူးခင်းလမ်းကို လျှောက်ပြီး အနာဂတ်နိုင်ငံတော်အတွက် ပန်းခင်းလမ်းဖြစ်အောင် ဖောက်လုပ်ပေးနေကြောင်း သိသာထင်ရှားနေပြီ ဖြစ်၏။**

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ထိုပန်းခင်းလမ်းသည် ပန်းမွှေ့ရာ ရွှေကော်ဇော မဖြစ်ရကောင်းလားဟု ထုထောင်းအော်ဟစ် ဆိုးညစ်နေသူများကြောင့် ပန်းမွှေ့ရာ ရွှေကော်ဇော ဖြစ်လာနိုင်မည် မဟုတ်သည်မှာ ဧကန်တရားဖြစ်၏။ ထိုပန်းခင်းလမ်းကို ပန်းမွှေ့ရာ ရွှေကော်ဇော စင်စစ်မဖြစ်ဖြစ်အောင် ကိုယ့်အားကိုယ်ကိုး ကိုယ့်အမျိုးသားရေးတာဝန်ဟုခံယူပြီး တပ်မတော်အစိုးရက အားခဲကြိုးကုတ် မဆုတ်မနစ် ဆောင်ကြဉ်းပေးနေသည်မှာ အမှန်တရားဖြစ်၏။

ထိုအမှန်တရားကို နားလည်ထောက်ထား စာနာသင့်သည်ထင်ပါ၏။ အနာဂတ်ကို သူမစဉ်းစားသည့် အဇာတသတ်လို လူမင်းသားများ ဖြစ်မိမှားကြရန် အရေးကြီးပါ၏။ စိတ်ကောင်းစေတနာမှန်ထားသူများသည် အကာကိုပစ်၍ အနှစ်ကို ရှာကြစမြဲဖြစ်၏။ ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဟူသော ဆိုစကားရှိ၏။ နှင်းဆီပန်း၌ ဆူးများရှိ၍ ဆူးပန်းဟု သားပုပ်လေလွင့် ထုတ်လွှင့်သူများ ရှိနေသော်ငြား နှင်းဆီရနံ့က သင်းကြည်ပျံ့မွှေး အေးမြလျက်သာရှိနေမည် ဖြစ်၏။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို မြှင့်တင်အားပေးရမည့်အစား ဝိုင်းပယ်ဖိအားပေးခြင်းဖြင့် အကျိုးထူးမလာကြောင်း ပညာမျက်စိဖြင့် အမှန်တကယ် ပြန်လည်ရှုမြင်သင့်ကြ၏။ ပိတ်ဆို့ဖိအားပေးနေခြင်းသည် မြန်မာပြည်သူ အများစုအားဆင်းရဲတွင်းနက်အောင် တွန်းချနေခြင်းဖြစ်ကြောင်း အမှန်အတိုင်း မြင်သင့်ကြပြီဖြစ်၏။ မိမိတို့လုပ်ရပ်သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးအသွင် ကူးပြောင်းမှုအတွက် လိုအပ်ချက်များကို ဖန်တီးဖြည့်ဆည်း ပေးနေခြင်းလား၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များကို တစ်စတစ်စ ပြုန်းတီးပျက်စီးလာအောင် အမှားမှားအယွင်းယွင်း လုပ်ဆောင်နေမိခြင်းလား စဉ်းစားဆင်ခြင်သင့်ကြ၏။

သို့ဖြစ်၍ ကုန်းတိုက်ချောစားအဖျက်သမားများ၏ အယုံသွင်းစကားများကို ဖယ်ရှားပြီး မြန်မာနိုင်ငံအပေါ် အမှန်အတိုင်း မျက်ဝါးထင်ထင် ရှုမြင်နိုင်အောင် ကိုယ်တိုင်လာရောက်လေ့လာသင့်ကြ၏။ လူသားချင်း စာနာထောက်ထားသည်ဟု ဆိုသူတိုင်း ဤသို့သော မှန်ကန်ဖြောင့်မတ်သည့် ချဉ်းကပ်မှုမျိုးဖြင့်သာ မြန်မာ့ရေးရာအဖြာဖြာကို ချဉ်းကပ်လေ့လာ ရှုမြင်သင့်သည် မဟုတ်ပါလော။

အမှန်တကယ်မှာမူ ဆင်၏နံဘေးသည် အုတ်တံတိုင်းမဟုတ်၊ ဆင်၏အစွယ်သည်လှံမဟုတ်၊ ဆင်၏ နှာမောင်းသည် မြွေမဟုတ်၊ ဆင်၏ ခြေထောက်သည် ကျွန်းတိုင်မဟုတ်၊ ဆင်၏နားရွက်သည် ယပ်တောင် မဟုတ်၊ ဆင်၏အမြီးသည် ကြိုးမဟုတ်၊ ဆင်၏ အသွင်သဏ္ဌာန်သည် မျက်မမြင် ပုဏ္ဏားခြောက်ယောက် ထင်မြင်ယူဆသကဲ့သို့မဟုတ်၊ သူ့ဂုဏ်ပုဒ် သူ့ကြန်အင် ဝိသေသလက္ခဏာ အသွင်အပြင်များဖြင့် အနှစ်သာရရှိရှိ ရပ်တည်ရှင်သန်နေခြင်းသာ ဖြစ်၏။

ထို့နည်းအတူ မြန်မာနိုင်ငံသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးခြိမ်းခြောက်နေခြင်းမဟုတ်၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို သယ်ပိုးနိုင်ရန်အတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်အောင် တည့်မတ်ခိုင်မာစွာ အကောင်အထည် ဖော်နေခြင်းသာဖြစ်ပါ၏။

ထိုသို့အမှန်အတိုင်း၊ ပကတိအရှိအတိုင်းမရှုမြင်ဘဲ ခေတ်သစ်မျက်မမြင်ပုဏ္ဏားများပမာ ဆက်၍ ဆက်ကာ အမှားသံသရာလည်နေဦးမည်၊ စပျစ်သီး ချဉ်သည်ဆိုသော မြေခွေးကဲ့သို့လည်းကောင်း၊ မစားရသည့်အမဲ သဲနှင့်ပက်သကဲ့သို့ လည်းကောင်း ပြောနေ ဆိုနေ ဆက်လုပ်နေဦးမည် ဆိုပါက----

“ဆင်ကြီးကို ဂဠုန် မချီနိုင်ပါ” ဟူသောနောက်ဆုံးစကားဖြင့် တုံ့ပြန်ပြောကြားရုံမှတစ်ပါး အခြားမရှိတော့ပြီ ဖြစ်၏။

မြန်မာနိုင်ငံအနေဖြင့် “ဆင်သွားလျှင် လမ်းဖြစ်သည်” ဟူသောထုံးကို နှလုံးမူထား၏။ “ခရီးလည်းတွင်၍ ရွာစဉ်လည်းသိ” ခဲ့ပြီဖြစ်၏။ မည်သူမဆို ကူညီသည်ဖြစ်စေ၊ မည်သူမဆို မကူညီသည်ဖြစ်စေ ကိုယ့်လမ်းကိုယ်ဖောက်၍ ကိုယ့်စခန်းကိုယ်ရောက်အောင် အမျိုးသားရေးအားမာန် ဇွဲ၊ လုံ့လ၊ ဝီရိယ သန်သန်ဖြင့် လျှောက်လှမ်းနေခြင်း ဖြစ်သောကြောင့် နောက်သို့တစ်ဖန် ပြန်လှည့်ရန်အကြောင်း လုံးဝမရှိတော့ပြီ ဖြစ်၏။

“ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လျက်”

ချီတက်နေမည်သာဖြစ်ကြောင်း **“လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီ”** ဖြစ်၏။ ထို့ကြောင့် ခေတ်သစ် မျက်မမြင်ပုဏ္ဏားများ ဆင်ခြင်တွေးဆ ပြန်လည်ရှုမြင်ပြုပြင်ဆောင်ရွက်နိုင်ကြစေရန် ရည်သန်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် တပ်မတော်အစိုးရ၏ စေတနာမှန်နှင့် ကြိုးပမ်းလုပ်ဆောင်ချက်များကို ဤကဲ့သို့ ဆွေးနွေးရေးသားလိုက်ရခြင်း ဖြစ်ပေ၏။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၇ခုနှစ် မတ်၂၃ရက်တွင်ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာရှောကတ်အဇစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် ဦးဝင်းကိုအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ညောင်ရိပ်သာ တရားစခန်းနှင့် ဒုလ္လဘဝတ်ပွဲ

ရန်ကုန် မတ် ၂၂

သာကေတမြို့ ၁၀၈တောင် စွယ်တော်ရှင် ဘုရားအနီး ညောင်ရိပ်သာ တရားစခန်းတွင် ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က သကြိန်တွင်း ဧပြီ ၁၀ ရက်မှ ၁၇ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းကို ဒုလ္လဘ အပါး ၁၀၀ ရဟန်းခံရှင်ပြုသီလရှင်ဝတ်ပွဲနှင့်အတူ ဟောပြောပြသမည်ဖြစ်သည်။တရားစခန်းဝင်ရောက်လိုသူများ၊ ဒုလ္လဘရဟန်းခံရှင်ပြုသာသနာ့နွယ်ဝင် သီလရှင်ဝတ်လိုသူများ၊ အလှူပါဝင်လိုသူများ ဖုန်း-၅၄၇၀၂၅၊ ၀၉-၅၁၃၅၅၄၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝီရမျိုးဆက်

* ရွှေ့တန်းစွန်ဖျား၊ တောတောင်ကြားဝယ်
ကျားကိုခလုတ်၊ ငုတ်ကိုသင်ဖြူး
ဆူးကိုမွေ့ရာ၊ စွဲမှတ်ကာလျှင်
ပြည်ရွာအကျိုး၊ စစ်ဆင်ထိုးလျက်
အရိုးကျေကျေ၊ အရေခန်းခန်း
ရောင်ရမ်းမလွှန့်၊ နောက်မတွန့်ဘဲ
သက်စွန့်ကြိုးပမ်း၊ ကြွေသည့်ပန်းတို့
သိန်းသန်းမက၊ ရှိခဲ့ကြ၏။

* သွေးခြင်းခြင်းနီ၊ ဒဏ်ရာသည်ပင်
နာသည်မထင်၊ တိုက်ပွဲဝင်လျက်
အစဉ်မွေးနေ၊ ဂုဏ်မသေသည့်
စစ်သွေသူရဲ၊ သတ္တိခဲတို့
ရှင်မြဲရှင်ကာ၊ သမိုင်းမှာလျှင်
ကမ္ဘာအံ့မျှ၊ ကျော်ခဲ့ကြ၏။

* ကိုယ့်တိုင်းပြည်ရွာ၊ စောင့်ရှောက်ကာရန်
မွေးရာပါသည့်၊ တာဝန်ရှိ၏
ရှိသည့်တာဝန်၊ စဉ်ကျေပွန်အောင်
အားသွန်ကြိုးပမ်း၊ နိုင်စွာထမ်းသည့်
လူစွမ်းကောင်းများ၊ မျိုးချစ်များကြောင့်
ခံ့ညားရဲရင့်၊ ပြည့်ဂုဏ်တင့်၏။

* ကမ္ဘာတစ်ခွင်
နှိုင်းယှဉ်ဆက်စပ်၊ ဘယ်စစ်တပ်မျှ
ဒို့တပ်ကိုပြိုင်၊ မမီနိုင်အောင်
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်
ပြည့်သိပ်ထုံမွှမ်း၊ ပြည်ချစ်ပန်းတို့
ပွင့်လန်းဝေဆာခဲ့သည်တကား။

* မကြွေမနွမ်း၊ ပြည်ချစ်ပန်းတို့
ပွင့်လန်းလျက်ပေ၊ ဝေမြဲဝေကာ
ဒို့မြေဒို့ယာ၊ ဒို့ရပ်ရွာကို
ကာကွယ်ဆောက်တည်၊ ရှေ့တိုးချီခဲ့
ဝီရမျိုးဆက်၊ ဂုဏ်မပျက်အောင်
ကမ်းလက်ဆင့်ပြောင်း၊ သမိုင်းကြောင်းဝယ်
သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့
ဖြစ်စေ့ရည်သန်၊ ကောင်းမွေခံ၍
ရဲမာန်ဝင့်ချီ၊ မြန်မာပီစွာ
ညီညာသယ်ပိုး၊ မော်ကွန်းထိုးလျက်
ဝေဖြိုးတက်နေ ထွန်းစေသတည်း။
မြေမိုးသက်သေ ညွှန်းစေသတည်း။ ။

ဇော်မင်းမင်းဦး

(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အဖေတူသား ဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၂

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တင်အောင်စိုး-ပန်းမြို့တော်၏ဝတ္ထုကို အကယ်ဒမီငြိမ်းမင်း ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုးရိုက်ကူးသည့် **"အဖေတူသား"** ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ်၂၃ ရက်**(ယနေ့)**မှ ၂၆ ရက်အထိ အပိုင်းလေးပိုင်းခွဲ၍ ညစဉ် ည ၉ နာရီတွင် တစ်ပြိုင်တည်း ထုတ်လွှင့်ပြသမည်ဖြစ်သည်။

"အဖေတူသား" ဇာတ်လမ်းတွင် လွတ်လပ်ရေးကို ပြည်သူတို့နှင့်လက်တွဲအရယူပေးခဲ့သည့် တပ်မတော်၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၊ ပြည်သူ့ရန်စွယ်အန္တရာယ်အသွယ်သွယ်ကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည့် တပ်မတော်၊ ပြည်သူ့သားသမီးများနှင့် ဖွဲ့စည်းထားသည့်တပ်မတော်ဖြစ်ကြောင်း ရိုက်ကူးတင်ပြထားသည့်အပြင် တပ်မတော်သားတို့၏ ရဲစွမ်းသတ္တိနှင့် စွန့်လွှတ် စွန့်စားမှု၊ ဇနီး၊ သား၊ သမီး၊ ဆွေမျိုးသားချင်းတို့၏ပံ့ပိုး ကူညီပေးမှုများကိုပေါ်လွင်အောင်ဖော်ကျူးထားသည်။

၎င်းဇာတ်လမ်းတွင် အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီနန္ဒာလှိုင်၊ အကယ်ဒမီမေသဉ္ဇာဦး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များစွာအပြင် တပ်မတော်သားများ ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၂

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉နာရီတွင် ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

သွေး ၈၅ ပုလင်း

ရှေးဦးစွာ အသင်းဝင်များက သွေးများလှူဒါန်းကြပြီး မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဒွိလှက သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ဒေါက်တာဒေါ်ခင်စိန်ဝင်းထံ သွေး ၈၅ ပုလင်းကို ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် ဦးလှထွန်း၊ ဒေါ်စန်းစန်းဝေ(ရှမ်းပျိုမယ်) မိသားစုက သွေးလှူရှင်များအတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ မန္တလေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရန်ရည်သန်၍ "Q & A on Hepatitis B and C" ခေါင်းစဉ်ဖြင့် ဆေးပညာဆွေးနွေးပွဲကို မတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အချိန်အခါမဟုတ် မိုးရွာဖွယ်

ရန်ကုန် မတ် ၂၂

ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ကြေညာထားသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၇ မှ ၄-၄-၂၀၀၇)

(မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ ရောဝတီတံတား (ရတနာပုံ) ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ နှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးညွှန့်လှိုင်နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွေလီ၊ အေ၊ ဆူဖာခက်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေပြား၊ ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့အား မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဂေါပကအဖွဲ့က ဓမ္မလက်ဆောင်အဖြစ် ကြေးမောင်းလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ဖူးမြော်

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ပုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့ကြပြီး ဖူးမြော်ကြည်ညိုကြသည်။

လှူဒါန်း

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေပြား၊ ရွှေသင်္ကန်းတော်များကို ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်သည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံယူပြီး ဓမ္မလက်ဆောင်အဖြစ် ကြေးမောင်း လက်ဆောင်ကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဧည့်သည်တော် သမ္မတကြီးနှင့် ဇနီးခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး ပြသထားသည့် စေတီတော် မှတ်တမ်းဓာတ်ပုံများ၊ ကြေးရုပ်ပြတိုက်ရှိ ရှေးဟောင်းကြေးရုပ်များ၊ ကြေးမောင်းကြီးနှင့် တစ်ပင်တိုင်ခေါင်းလောင်းတော်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော်သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က မန္တလေးမြို့ ဆီဒိုးနားဟိုတယ်မှ ကြိုဆိုကြပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မန္တလေးဌာနခွဲက မြန်မာ့ရိုးရာယဉ်ကျေးမှုတူရိယာစောင်းဖြင့် တေးသီချင်းများ သီဆိုဖျော်ဖြေကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် ဧည့်သည်တော်သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်အား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တလေးနန်းမြို့ ကျောက်စီပန်းချီကားကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက မြန်မာ့ပိုးပုဆိုးနှင့် လုံချည်တို့ကို ဧည့်သည်တော် သမ္မတကြီး၏ ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်အားလည်းကောင်း၊ဧည့်သည်တော် သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်က တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်အား လာအိုရိုးရာ ငွေထည်ပန်းချီကားကို လည်းကောင်း၊ ဧည့်သည်တော်သမ္မတကြီး၏ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်က တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၏ဇနီး ဒေါ်ခင်ပြုံးဝင်းအား လာအိုရိုးရာ ပိုးထည်ကိုလည်းကောင်း လက်ဆောင်ပစ္စည်းများအဖြစ် အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ဧည့်သည်တော် သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးမဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့သည် ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း လက်ဆောင်ပေးအပ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့ ရောဝတီတံတား (ရတနာပုံ) စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရောဝတီတံတား

ထိုမှတစ်ဆင့် ဧည့်သည်တော် သမ္မတကြီးနှင့်ဇနီး ခေါင်းဆောင်သည့်

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရောဝတီတံတား(ရတနာပုံ) စီမံကိန်း ရှင်းလင်းဆောင် မန္တလေးဘက်ကမ်းသို့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးညွှန့်က မြန်မာ နိုင်ငံ၌ မြစ်ကြီးများကို ဖြတ်၍ တည်ဆောက်ခဲ့သည့် တံတားကြီးများနှင့် ပတ်သက်၍လည်းကောင်း၊ ရောဝတီ တံတား(ရတနာပုံ) တံတားစီမံကိန်းတာဝန်ခံများဖြစ်ကြသော ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးငွေးမြင့်နှင့် ဦးဆန်းဝင်းတို့က ရောဝတီတံတား (ရတနာပုံ)နှင့်ပတ်သက်၍လည်းကောင်း လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဧည့်သည်တော် သမ္မတကြီးနှင့်ဇနီးခေါင်းဆောင်သည် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တံတားကြီးအား ရှင်းလင်းဆောင်မှ မှန်ပြောင်းဖြင့် ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ဧည့်သည်တော်သမ္မတကြီးနှင့်ဇနီး ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးတို့က ကြိုဆိုကြပြီး လေဆိပ်ဧည့်ခန်းမ၌ မန္တလေးမြို့ ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ရောက်ရှိ

ယင်းနောက် ဧည့်သည်တော် သမ္မတကြီးနှင့်ဇနီး ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော်သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေ ၆ နာရီတွင် ရောက်ရှိကြသည်။

ဧည့်သည်တော် သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

● *ကျောက်ဖြူမှ*

အဖွဲ့ဝင်များသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညွှန့်လှိုင်နှင့် ဇနီးတို့ လိုက်ပါလျက် ခေတ္တတည်းခိုသည့် နေပြည်တော် ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီတွင် နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိကြသည်။

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များက မြို့တော်ခန်းမမှ ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မြို့တော်ခန်းမ ဧည့်ခန်းမ၌ မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွှန့်က နေပြည်တော်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လွှတ်တော် အဆောက်အအုံနှင့် ရုံးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆင့်မြင့်ဈေးများ၊ ဟိုတယ်ဇုန်၊ မြို့တော်ခန်းမ၊ လပဟာပြင်ကဇာတ်ရုံတို့ တည်ဆောက်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ လမ်းဆုံအဝိုင်းများ၊ တံတားများ၊ ဂေါက်ကွင်းများနှင့် လမ်းမကြီးများ တစ်လမ်းနှင့်တစ်လမ်း ဆက်စပ်ဖောက်လုပ်နေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် သမ္မတကြီးနှင့် ဇနီးတို့၏ ခရီးစဉ်တွင်လိုက်ပါလာကြသော အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အမှတ်တရလက်ဆောင်

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွှန့်က ဧည့်သည်တော် သမ္မတကြီးအား အမှတ်တရလက်ဆောင် ပန်းချီကားကိုပေးအပ်ရာ ဧည့်သည်တော် သမ္မတကြီးကလည်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၏ သဘာဝပရဆေးဥယျာဉ်သို့ ရောက်ရှိကြသည်။

ခရေပင်စိုက်ပျိုး

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့သည် သဘာဝပရဆေး ဥယျာဉ်အတွင်း၌ မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးပြီး မြေဩဇာနှင့် ရေစင်များ သွန်းလောင်းပေးသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့သည် မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် စိုက်ပျိုးသော ခရေပင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထွက်ခွာ

ယင်းနောက် ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီးနှင့် ဇနီးတို့ ခေါင်းဆောင်သော အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် နေပြည်တော်၌ တည်ဆောက်ပြီးစီးသွားသော ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော် မြို့မဈေးတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုလေ့လာကြပြီး မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် နေပြည်တော် လေဆိပ်သို့ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့ မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ခရေပင်စိုက်ပျိုးပေးပြီး မြေဩဇာနှင့် ရေစင်များ သွန်းလောင်းပေးစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်တောင်း-မြစ်ကျိုး-ဒိုက်ဦးရထားလမ်း ဖောက်လုပ်မှုစစ်ဆေး

နေပြည်တော် မတ် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ မတ် ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး ရထားလမ်းရှိ အိုပက်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးရထားလမ်း ပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်း၊ ပဲခူးတိုင်း ပျဉ်ပုံကြီးနှင့် ကတုတ်အကြား မိုင်တိုင် ၆၇ မိုင်တိုင်သို့ ရောက်ရှိရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းဒါရိုက်တာ ဦးကျော်ဝေက ရထားလမ်းပေါ်တွင် ပါကင်ရိုက်စက်ဖြင့် ဇလီဖားတုံးများအား နေသားတကျဖြစ်အောင် အထိုင်ချနေခြင်းအား ရှင်းလင်းပြသသည်။

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ ဦးကျော်ဝေက ရထားလမ်းပေါ်တွင် ကျောက်ဖွ၊ ကျောက်ညှိ ပုံဖော်စက်ဖြင့် သံလမ်းနှင့် ဇလီဖားတုံးများအကြား ကျောက်ဖြည့်တင်းခြင်းနှင့် ဖြည့်ပြီး ကျောက်များ ပုံဖော်ခြင်း၊သံလမ်း ရေချိန်ညှိဆောင်ရွက်နေခြင်းအား ရှင်းလင်းတင်ပြသည်။ ဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင် ၆၆/၂၁-၂၂ သို့ ရောက်ရှိပြီး သံလမ်းသုံးချောင်း ဆက်ထားသော အရှည် ၁၁၇ပေ ရှိ သုံးချောင်းဆက် သံလမ်းများဖြင့် လဲလှယ်ခင်းခြင်းအား လိုက်လံစစ်ဆေးပြီး ဝန်ကြီးက ပါကင်ရိုက်စက်နှင့် ကျောက်ဖွကျောက်ညှိ ပုံဖော်စက်တို့အား စနစ်တကျ အကျိုးရှိစွာ အသုံးချစေရန်နှင့် သုံးချောင်းဆက် သံလမ်းခင်းခြင်းအား အမြန်ဆုံး အစားထိုး ပြင်ဆင်လဲလှယ်နိုင်ရေး မှာကြားသည်။

အဆိုပါ ပါကင်ရိုက်စက်သည် တစ်နာရီလျှင် ခြောက်ဖာလုံနှုန်းဖြင့် ဇလီဖားတုံးများအား စနစ်တကျ အထိုင်ကျစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ကျောက်ဖွ၊ ကျောက်ညှိ ပုံဖော်စက်မှာ တစ်နာရီလျှင် တစ်မိုင်နှုန်းဖြင့် ကျောက်ဖွခြင်း၊ ဖြည့်တင်းခြင်း၊ ပုံဖော်ခြင်းတို့အား စနစ်တကျ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ သုံးချောင်းဆက် သံလမ်းမှာ ယခင် ၃၉ပေရှိသော သံလမ်း သုံးချောင်းအား လျှပ်စစ်အပူပေးနည်းဖြင့် ဆက်စပ်၍ ၁၁၇ပေရှိသော သံလမ်းဖြစ်အောင် ဆောင်ရွက်ထားခြင်းဖြစ်သည်။

ဖြည့်ဆည်း

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဒိုက်ဦးဘူတာသို့ ရောက်ရှိ ပြီး ဒိုက်ဦးဘူတာမှ (ဒိုက်ဦး-မြစ်ကျိုး ရထားလမ်းသစ်)အတိုင်း RBEရထားတွဲဖြင့် စီးနင်းလိုက်ပါပြီး ရထားလမ်းပိုင်းအားစစ်ဆေးရာ ဝန်ကြီးနှင့် အဖွဲ့သည် အိမ်ခြေလေးဆယ်ဘူတာရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဘူတာတည်ဆောက်နေမှုများအား စစ်ဆေးရာ စီမံကိန်းဒါရိုက်တာ ဦးကျော်ဝေက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းတင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် RBEရထားဖြင့် ဆက်လက်ထွက်ခွာစစ်ဆေးရာ ပလစ်ဘူတာသို့ ရောက်ရှိပြီး ဘူတာတည်ဆောက်မှုအခြေအနေအား စစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ ၎င်းမှ ဆက်လက်ထွက်ခွာရာ အရှည်ပေ၁၂၀ရှိသော ကွင်းချောင်းတံတားသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။ ၎င်းမှ ဆက်လက်ထွက်ခွာပြီး အရှည်ပေ ၈၀ ရှိသော မာလကတံတားတည်ဆောက်ရေးသို့ ရောက်ရှိပြီး တည်ဆောက်ရေး လုပ်ငန်းများကို စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ ၎င်းမှ ဆက်လက်ထွက်ခွာပြီး အရှည်ပေ၈၀ရှိသော ဘုရားကျောင်းတံတားတည်ဆောက် ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား စစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

မောင်းနှင်စစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အရှည်၂၆၄ပေရှိ နဂါးပေါက်တံတားအား ရောက်ရှိစစ်ဆေးရာ စီမံကိန်း ဒါရိုက်တာ ဦးကျော်ဝေက ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်၍ တင်ပြသည်။

၎င်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် RGC သံလမ်းပြေးယာဉ်ဖြင့် ရထား လမ်းတစ်လျှောက် စီးနင်း၍ လိုက်လံ စစ်ဆေးပြီး အရှည်၃၅၂ပေ စစ်တောင်း တူးမြောင်းတံတားအား သံလမ်းပြေးယာဉ်ဖြင့် ဖြတ်သန်း မောင်းနှင်စစ်ဆေးခဲ့သည်။

သတ်မှတ်ရက်အမီ

၎င်းမှ ဝန်ကြီးနှင့် အဖွဲ့သည် စစ်တောင်းတူးမြောင်းတံတား တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက စစ်တောင်းတူးမြောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းများအား ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။ ဝန်ကြီးက တံတားများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ ကမ်းကပ်ခုံ မြေထိန်းနံရံများ စနစ်တကျပြုလုပ်ရေးနှင့် သတ်မှတ်ရက်အမီ ပြီးစီးနိုင်ရေး ဝန်ထမ်းများအားလုံးက ကြိုးစား ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦး-ဆပ်သွား လမ်းအတိုင်း (RGC) သံလမ်းပြေးယာဉ်ဖြင့် ရထားလမ်းတစ်လျှောက် ကျောက်ဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား စစ်ဆေးသည်။ ဝန်ကြီးနှင့် အဖွဲ့သည် ဆပ်သွားကုန်းဘူတာသို့ ရောက်ရှိပြီး ဘူတာ တည်ဆောက်မှုနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုအား လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ပြီးစီး

စစ်တောင်း (ဆပ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းသည် ၂၄ မိုင်ရှည်လျားပြီး တံတား ၂၁ စင်းနှင့် ဘူတာ ခြောက်လုံးပါရှိမည် ဖြစ်သည်။ ယခုအခါ မြေသားတာ ပေါင်လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ပေ ၁၀၀ အထက် တံတားလေးစင်း အနက် သုံးစင်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီး နဂါးပေါက်ချောင်းတံတားမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ပေ ၁၀၀ အောက်တံတား ၁၇ စင်းတွင် ၁၁ စင်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီး ခြောက်စင်းမှာ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ စစ်တောင်းဘက် အခြမ်း သံလမ်းခင်းခြင်း ၈၅ ရာခိုင်နှုန်း ပြီးစီးပြီး၊ ဒိုက်ဦးဘက်အခြမ်း သံလမ်းခင်းခြင်း ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ဘူတာခြောက်လုံးတွင် လေးလုံးမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီး ကျန်နှစ်လုံးမှာ ၉၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

လျော့နည်းသက်သာ

စစ်တောင်း (ဆပ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းပိုင်းသည် နေပြည်တော်မှ မော်လမြိုင်သို့ ရထားများ တိုက်ရိုက်ပြေးဆွဲနိုင်ရန်အတွက် ပဲခူးမြို့သို့ ဝင်ရောက်ခြင်းမပြုတော့ဘဲ ပဲခူး-မုတ္တမ ရထားလမ်းပေါ်ရှိ စစ်တောင်းတံတားအနောက်ဘက်ဆပ်သွားကုန်းဘူတာမှစတင်လမ်းခွဲပြီး ရန်ကုန်-မန္တလေး ရထားလမ်းပေါ်ရှိ ဒိုက်ဦးမြို့သို့ ဆက်သွယ်ပေးမည့် ဖြတ်လမ်း ရထားလမ်းဖြစ်သည်။ ဤရထားလမ်းသည် ၂၄ မိုင် ရှည်လျားပြီး ပဲခူးမြို့မှ တစ်ဆင့် ဖြတ်သန်းသွားလာရန် မလိုတော့သည်အတွက် ခရီးမိုင်သည် ယခင်ထက် မိုင် ၄၀ လျော့နည်း သက်သာသွားမည်ဖြစ်သည်။

ဤရထားလမ်း ဖွင့်လှစ်ပြီးစီးပါက မြန်မာပြည်အောက်ပိုင်းရှိ ထားဝယ်မြို့မှ မြန်မာပြည်အထက်ပိုင်းရှိ မြစ်ကြီးနားမြို့အထိ အဓိကလမ်းကြောင်းအဖြစ် တစ်ဆက်တည်း ရထားလမ်း တောက်လျှောက်ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့ မြန်မာ- လာအို နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် စိုက်ပျိုးထားသော ခရေပင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

THE LIVE NEW ဂျာနယ် အမှတ်(၂၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၂

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် THE LIVE NEW ဂျာနယ် အမှတ်(၂၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှုကို လက်တွေ့ခံစားခဲ့ရတဲ့ ဂျာမန်ဇနီးမောင်နှံ၊ နွေရာသီရေကူးသင်တန်းများတွင် သင်တန်းသားများဖြင့် အထူးစည်ကား၊ တက္ကသိုလ်ဝင်တန်းတွင် အောင်မှတ်ရရုံဖြင့် တင်းတိမ်၍ မရနိုင်တော့၊ မကွေးမြို့ပေါ်က ဖြတ်သွားသော ဥက္ကာပျံကြီးနှင့်ပတ်သက်၍၊ စားသုံးဆီမျိုးစုံထုတ်လုပ်သန့်စင်ရေး FAO မှ ဒေါ်လာ ၁၂ ဒသမ ၃ သန်း ထောက်ပံ့မည်၊ ရန်ကုန် မြို့ကြီးရဲ့ ရှေးဦးပုံရိပ်ထဲက နယ်ချဲ့တို့ရဲ့ ပညာရေးနဲ့ ဖိမ်ခံရေးဆောင်ရွက်ချက်များ၊ အလုအယက် သီဟိုဠ်စေ့ဈေးကွက်၊ နှစ် ၆၀ က ထရူးမင်းရဲ့ "လွတ်လပ်တဲ့ကမ္ဘာ" အယူအဆနဲ့ ဒုက္ခရောက်ခဲ့ရတဲ့ပြည်သူတွေ၊ Stowaway ခေါ် သင်္ဘောခိုးစီးသူ၊ ရုရှားမှ ဥရောပသို့ ပင်လယ်နက်ရေနံ ပိုက်လိုင်းသွယ်တန်းမည်၊ ကမ္ဘာ့အနံ့ အယ်လ်ကေဒါ အကြမ်းဖက်မှုများ အယ်လ်ကေဒါ ထိပ်တန်းခေါင်းဆောင် ထုတ်ဖော်ဝန်ခံ၊ ချယ်လ်ဆီးအသင်းပိုင်ရှင်နှင့် ကွာရှင်းခ ဒေါ်လာသန်း ၃၀၀၊ ချောင်းဆိုးသံကြားမှ မသေမှန်းသိခဲ့ရတဲ့ ဆေးရုံပေါ်က သေရွာပြန်ကလေးငယ်၊ အီရတ်တွင် ကလိုရင်းဓာတ်ငွေ့ဗုံးများ ခေတ်စားလာပြန်၊ ရုရှားကာကွယ်ရေးစက်ရုံများအတွက် တစ်နှစ်လျှင် ဒေါ်လာ သန်းတစ်ထောင်ကျော် သုံးစွဲလျက်ရှိ၊ တက္ကစီမင်းနှင့်နတ်မိမယ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်ပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

THE LIVE NEW ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များ ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ

နေပြည်တော် မတ် ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၂၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

တင်ပြ

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် အဝတ်အထည်များကို ပြည်နယ် စာရင်းစစ်မှူး ဦးညိုမှိုင်းသို့လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပြည်နယ် ပညာရေးမှူး ဦးစဏ်းအောင်သို့လည်းကောင်း၊ ပြည်သူ့ဆေးရုံအတွက် ဆေးနှင့်ဆေးပစ္စည်းများကို ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းသို့ လည်းကောင်း ပေးအပ်သည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးအေးချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိရာ ကဏ္ဍအသီးသီးတို့၌ ဖွံ့ဖြိုးတိုးတက် အောင်မြင်လျက်ရှိကြောင်း၊ ယင်းသို့တိုးတက်အောင်မြင်မှုရရှိခြင်းမှာ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ၏ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှု၏ အကျိုးရလဒ်ပင်ဖြစ်ရာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

စည်းရုံးဆောင်ရွက်

ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံမှုနှင့် စားသုံးဆီဖူလုံမှုမှာ တိုးတက်ကောင်းမွန်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍပိုမိုတိုးတက်ရေး၊ နိုင်ငံတော်မှ သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုးပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ အထူးသီးနှံ ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းပြည့်မီအောင်နှင့် ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် စနစ်တကျစီမံစိုက်ပျိုးသွားရေး၊ နှစ်ရှည်ပင် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာဧက တစ်သိန်းပြည့်မီအောင် စိုက်ပျိုးရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာကဏ္ဍ တိုးတက်ဖော်ဆောင်ရေးတို့ကို ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက ဒေသခံ တိုင်းရင်းသား တောင်သူလယ်သမားများအား လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်းပေးခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ပြသပေးခြင်းဖြင့် စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထို့အပြင် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိရောက်ရှိတာဝန်ကျရာဒေသကို မိမိဇာတိသဖွယ် သဘောထားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ထိရောက်အောင် တီထွင်ကြံဆကာ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို စေတနာထားပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်ပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်ကပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်သို့သွားရောက်၍ ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသနှင့် ကချင်ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြစ်ကြီးနားမြို့ ပရဟိတကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒတို့ အမှူးပြုတော်မူသော ဆရာတော်များအား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး မြစ်ကြီးနားမြို့ သီတာရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ပျိုးဥယျာဉ်၌ ကျင်းပသော ကချင်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲသို့ တက်ရောက်ကြသည်။

ကိုယ်ပိုင်ထုတ်လုပ်

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအုန်းရွှေက ကချင်ပြည်နယ်၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရာတွင် အကိုင်းပျိုးစိုက်ခြင်း၊ အစေ့ပျိုးစိုက်ခြင်းများကို ဒေသနှင့်ကိုက်ညီပြီး ပိုမိုရှင်သန်ဖြစ်ထွန်းအောင်မြင်သည့် နည်းစနစ်များဖြင့် စတင်စိုက်ပျိုးသည်မှ အသီးအပွင့် ဖြစ်ထွန်းအောင်မြင်သည့်အချိန်ထိ မှတ်တမ်းများ စနစ်တကျ သုတေသနပြု ဆောင်ရွက်ထားပြီး ဖြစ်ထွန်းအောင်မြင်မှု အများဆုံးရသော နည်းစနစ်အတိုင်း စိုက်ပျိုးသွားကြရန်နှင့် ညွှန်ကြားထားသည့်အတိုင်း ခြံစည်းရိုးကြက်ဆူ စံပြရွာများထူထောင်၍ မိမိတို့စိုက်သော အပင်မှရရှိသော အသီးတို့ဖြင့် ဘိုင်အိုဒီဇယ်ထုတ်လုပ်ပြီး လယ်ယာသုံးစက်ကိရိယာများ၊ ယာဉ်များတွင် ကိုယ်ပိုင်ထုတ်လုပ်သုံးစွဲနိုင်သည်အထိ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပျိုးထောင်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူအစေ့နှင့် အကိုင်းများကို ပျိုးထောင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ကိုယ်စားလှယ်များအား အသီးသီးပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူ အစေ့နှင့် အကိုင်းပျိုးပင်များကို သတ်မှတ်ပျိုးအိတ်များ၌ ပျိုးထောင်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူးနှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် သတ်မှတ်ပျိုးအိတ်များအတွင်း ခြံစည်းရိုးကြက်ဆူအစေ့နှင့် အကိုင်းများကို ပျိုးထောင်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျိုးခြံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ခြံစည်းရိုးကြက်ဆူပျိုးပွဲတွင် တက်ရောက် ပါဝင်စိုက်ပျိုးနေကြသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။ ယနေ့ကျင်းပသော ကချင်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူမျိုးစေ့ တစ်သိန်းနှင့် အကိုင်း ၁၅၀၀၀ တို့ကို စုပေါင်းပျိုးထောင်ကြကြောင်း သိရသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ဝင်း၊ ဆေးရုံအုပ် ဒေါက်တာဝင်းကိုကိုနှင့် အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်နယ် ပြည်သူ့ဆေးရုံရှိ အသစ်ဆောက်လုပ်ပြီးစီး အသုံးပြုနေသည့် ခွဲစိတ်ခန်းသစ်အား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် မြစ်ကြီးနားမြို့ရှိ တိုင်းစစ်ဌာနချုပ် ဓမ္မာရုံအနီးရှိ စံပြစိုက်ခင်း (၂)သို့ ရောက်ရှိကြပြီး တိုင်းစစ်ဌာနချုပ်၏ ရော်ဘာပျိုးပင် ၂၅၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က လက်ရှိပျိုးထောင်ထားရှိမှုအခြေအနေ၊ တပ်ရင်းတပ်ဖွဲ့များ၌ စိုက်ပျိုးရန် ရော်ဘာပျိုးပင် ၈၀၀၀၀၀ ပျိုးထောင် ဖြန့်ဝေပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ စံပြရော်ဘာစိုက်ခင်းသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက NS-009 မျိုးဖူးဆက်ရော်ဘာပျိုးပင်များ စီစဉ်ထားရှိမှု၊ ပြည်ပမှ အစေးထွက်ကောင်း ရော်ဘာမျိုးဖြင့် အဖူးဆက် ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးခြံရှိ စံပြရတ်ကောင်းစိုက်ခင်း၊ ထောပတ်၊ ခြံစည်းရိုးကြက်ဆူ၊ တညင်းနှင့် သရက်ပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေနှင့် လမ်းဘေးရှိ ရော်ဘာစိုက်ခင်းနှင့် ကြံစိုက်ခင်းများအခြေအနေ၊ မလိခရိပ်သာအနီး၌ ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

လက်တွဲဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မတ် ၂၁ ရက် နံနက် ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ၌ မြစ်ကြီးနား တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံကာ ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေး တာဝန်များကို ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တပ်နယ်ခန်းမအနီး၌ တည်ဆောက်ပြီးစီး အသုံးပြုနေသော မိုးလုံလေလုံအားကစားရုံကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၈ နာရီတွင် တိုင်းစစ်ဌာနချုပ် မလိခဧည့်ရိပ်သာ၌ ကချင်ပြည်နယ် ခရီးစဉ်အတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယခု ကချင်ပြည်နယ်ခရီးစဉ်တွင် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ဆက်လက်ဆောင်ရွက်ကြရန် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ရာ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

နယ်စပ်ဖွံ့ဖြိုးရေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ်ခရီးစဉ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ထပ်မံဆောင်ရွက်ရန် မှာကြားထားချက်များအပေါ် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှတ် ၂၉ ရန်ပြေ ၁၈လမ်း ၃ ရပ်ကွက် သာကေတမြို့နယ်နေ ဦးသိန်းလှိုင်၊ ဦးဝင်းကြည်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့ တပ်နယ်ခန်းမအနီး၌ တည်ဆောက်ပြီးစီး အသုံးပြုနေသော မိုးလုံလေလုံ အားကစားရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၂၂

၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း **(အပေါ်ပုံ)** က အမှာစကားပြောကြားရာတွင် ၁၃၆၈ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းနိုင်ရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများက မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်နှင့် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သည့် ရည်ရွယ်ချက်များ မပျက်ပြားစေရေးအတွက် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်းနှင့် မဟာသင်္ကြန်ပွဲတော်အား ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အတွက်လုပ်ငန်းကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးတင်ပြ ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းစီမံ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျိုးများကို မျိုးထိန်းမျိုးပွားစနစ်ဖြင့် ဆောင်ရွက် ဝက်ချေးမြေဩဇာထုတ်လုပ်၊ အဏုဇီဝလုံခြုံရေးဂရုစိုက်

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၇ ရက် နံနက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ အသားစားမျိုးထိန်း မျိုးပွားကြက်မွေးမြူရေးခြံ ကြက်ဥဖောက်စက်သို့ရောက်ရှိပြီး ခြံမန်နေဂျာ ဒေါက်တာမြင့်ဝေ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ကြက်၊ ငှက် တုပ်ကွေးရောဂါ ဖြစ်ပေါ်လာခြင်းမရှိအောင် အဏုဇီဝလုံခြုံရေးကို အထူးဂရုစိုက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာ ဝက်ဝံ-တောင်ခမ်း ကားလမ်းဘေးရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ဘိုးဘွားမျိုး ဥစားကြက်မွေးမြူရေး ခြံတည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားပေးကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ခေတ်မီကြက်ဥ ဖောက်စက်ကို လည်းကောင်း၊ မိဘမျိုး အသားတိုးကြက်မွေးမြူရေးခြံနှင့် တိရစ္ဆာန်အစာအဖြစ် စိုက်ပျိုးထားသော ယူမေခါစစ် စိုက်ခင်းတို့ကို လည်းကောင်း၊ ဖရီရှန်နို့စား နွားမွေးမြူရေးခြံကို လည်းကောင်း သွားရောက်အားပေးကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အထူးဂရုစိုက်ရန်မှာကြား

ယင်းနောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် လားရှိုး-မိုင်းယော် ကားလမ်းဘေး နား၁ဖ ကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခြံမန်နေဂျာ ဒေါက်တာဆွေလွင်၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန်၊ မျိုးများကို မျိုးထိန်းမျိုးပွားစနစ်ဖြင့် ဆောင်ရွက်ရန်၊ ဝက်ချေး မြေဩဇာများ ထုတ်လုပ်သွားရန်နှင့် အဏုဇီဝလုံခြုံရေးကို အထူးဂရုစိုက်ရန် မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံနှင့် ဗလမင်းထင် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အသားတိုးဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းပေး

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့ရှိ စိန်ဝတ်မှုန်ကုမ္ပဏီ လူငယ်အားမာန် ရော်ဘာဇေ ၄၀၀၀ စိုက်ပျိုးရေးစီမံကိန်းတွင် စိုက်ပျိုးထားသော ရော်ဘာကိုင်းထိုး စိုက်ခင်း၊ မြေပေါင်စိုက်ခင်းတို့ကို သွားရောက် အားပေးကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေ ဇေ ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိလာပြီး စီမံ ကိန်းမန်နေဂျာ ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက နှစ်ရှည်ရော်ဘာပင်၊ ပဲစင်းငုံ၊ ပြောင်းနှင့် ကြာသီးနှံများ စိုက်ပျိုးထုတ်လုပ်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၂

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ရက် (အင်္ဂါနေ့)နံနက် ၈နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင် ခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ဆရာမကြီးများသည် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ (ပညာရေး ကောလိပ် သင်တန်းဆင်းများ အပါအဝင်)သည် ဦးနု၊ ဦးသာအောင်ကျော် ဖုန်း-၂၀၂၈၈၆/၅၂၁၃၊ ဦးမဲအောင် ဖုန်း-၅၇၇၇၆၁၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဒေါ်ခင်စမ်းရည် ဖုန်း-၀၂-၆၆၄၀၂၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၃၀၆၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇- ၄၁၄၃၅၂၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၇၇၀၇၂၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉နှင့် ဦးကျော်ဒွေးတို့သို့ လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်၊ တိုင်းပညာရေးမှူးများမှတစ်ဆင့်လည်းကောင်း ဧပြီ၂၆ရက်(ကြာသပတေးနေ့)နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ကြောင်းနှင့် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြစေလိုကြောင်း အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

သင်္ကြန်တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် ရောဝဏ်လမ်း ဇိနမာန်အောင်စေတီအနီး (၃)ကြိမ်မြောက် ဒုလ္လဘရဟန်းခံနှင့် တရားစခန်းကို တန်ခူးလပြည့်ကျော် ၁၂ ရက် (ဧပြီ ၁၃ ရက်မှ ဧပြီ ၁၈ ရက်)အထိ တရားစခန်းဖွင့်မည်။ ဒုလ္လဘရဟန်းခံလိုသူများ သင်္ကြန်အကြိုနေ့ မွန်းတည့် ၁၂ နာရီ အရောက် ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဒုတိယဗိုလ်မှူးကြီး မြင့်ထွန်း ဖုန်း-၂၀၃၂၃၉၊ဒေါ်ပို့ပို့ ဖုန်း-၀၉၅၀- ၁၂၈၇၄၊ ၅၄၈၆၈၉၊ ဒေါ်သိန်းနုခိုင် ဖုန်း-၃၈၀၂၅၂၊ ၃၈၀၂၆၂ နှင့် ဦးထွန်းအေး ဖုန်း-၀၉၅၁-၃၈၅၁၆ တို့သို့ ဆက်သွယ်လှူဒါန်းရန် နှိုးဆော်ထားကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

တပ်မတော်နေ့ဂုဏ်ပြု ဖလမ်းတွင် ရေလှောင်ကန်ဖွင့်

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး ခွင့်ပြုငွေကျပ် ၉၀၀၀၀၀ ဖြင့် ရေလှောင်ကန် (၈ပေx၇ပေx၅ပေ)တစ်ကန်နှင့် အရှည်ပေ ၄၀၀၀ မှ တစ်လက်မပိုက်ဖြင့် သွယ်ယူဆောင်ရွက်ပေးခဲ့သော ဗားလုံးကျေးလက် သောက်သုံးရေပေးရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ ရက် နံနက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းရွှေနှင့် စည်ပင်အမှုဆောင်အရာရှိ ဦးထလာဟရဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

တပ်ကုန်း အထက(၁) အာစရိယပူဇော်မည်

မန္တလေးတိုင်း တပ်ကုန်းမြို့ အထက(၁) စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ဒီဇင်ဘာ ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်ရာ အထက(၁)တွင် ပညာသင်ကြားခဲ့သော အသက်(၆၀)ကျော် ဆရာ၊ ဆရာမများ ဆက်သွယ်ပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေများကို တပ်ကုန်းမြို့ ဒေါက်တာဝင်းလတ် ဖုန်း-၀၆၇-၇၀၂၄၂၊ ဒေါက်တာခင်မောင်ထွန်း ဖုန်း-၀၆၇-၇၀၀၇၉၊ ဦးတင်ဝင်းတိုး ဖုန်း-၀၆၇-၇၀၀၈၈၊ ဒေါ်စုစုဝင်း ဖုန်း-၀၆၇-၇၀၁၃၄၊ ဦးကျော်သန်း ဖုန်း-၀၁-၅၈၀၁၃၅နှင့် အရှင်စန္ဒဇောတိ အောင်သိဒ္ဓိကျောင်း ကြားတောရလမ်း ဗဟန်း ဖုန်း-၀၁-၃၈၀၈၇၅၊ ၀၁-၃၈၃၄၂၇ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

ရေတာရှည် အထက အာစရိယပူဇော်မည်

ရေတာရှည် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ၁ရက် နံနက် ၉ နာရီတွင် ရေတာရှည် အထက အောင်ဆန်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးနေ အသက် (၆၀)ပြည့်ပြီး အငြိမ်းစား ဆရာကြီးများနှင့် ဆရာမကြီးများ ကြွရောက်ပါရန်နှင့် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့် (မိုးတည်းခိုခန်း) ဖုန်း-၀၅၄-၂၇၄၆၆၊ အတွင်းရေးမှူး ဦးခင်မောင်ထွေး ဖုန်း-၀၅၄-၂၇၂၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

တရားမဝင်သစ်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

မန္တလေးမှမြစ်ကြီးနားသို့ ပြေးဆွဲခုတ်မောင်းနေသော အမှတ်(၅၅) အဆန် အထူးအမြန် ရထားပေါ်တွင် တရားမဝင် သစ်ခွဲသားများ တင်ဆောင်လာကြောင်း သတင်းအရ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သစ်တော ဦးစီးဌာနမှ တောအုပ် ဦးဇော်မင်းလွင်၊တောခေါင်း ဦးစိန်သောင်းနှင့် တောကြပ် ဦးတင်ကိုလတ်တို့ ပါဝင်သည့်အဖွဲ့က မတ် ၅ ရက် နံနက် ၁၀ နာရီတွင် မိုးကောင်း ဘူတာသို့ ဆိုက်ရောက်လာသည့် ရထားပေါ်သို့ တက်ရောက်ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ရိုးရိုးတန်းတွဲ(၁) အပေါ်မှ ကျွန်းသစ်ခွဲသား အရွယ်အစား မျိုးစုံ ၂၀၉ ချောင်း စုစုပေါင်း အလေးချိန် ၀ ဒသမ ၁၅၉ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် သစ်တော ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟားခါးမြို့တွင် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံ

ချင်းပြည်နယ် ဟားခါးမြို့ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်း အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၈ နာရီ က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမနှင့် မူကြိုကျောင်းတို့၌ကျင်းပရာ ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်မှူး ဒေါက်တာ ကျော်သီဟက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အသက် ကိုးလမှ ငါးနှစ်အကြား ကလေး ၁၂၀၁ ဦးအား အဖွဲ့သုံးဖွဲ့ခွဲ၍ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးပေးကြသည်။

မကွေးမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မကွေးမြို့ စည်ပင်သာယာအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြသခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက်က ကျင်းပသည်။ အခမ်းအနားတွင် မကွေးတိုင်း စည်ပင်သာယာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဦး ကြီးကြပ်၍ မြို့မဈေး စည်ပင်ဈေးဦးစီးမှူး ဦးကျော်ရွှေဦးနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးကြပ်မှု ကော်မတီများ၊ မကွေးမြို့ မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးစိုးညွန့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြသခဲ့ကြောင်း သိရသည်။

မင်းဘူးခရိုင်မှ တောင်သူများအား အရစ်ကျပေးချေစနစ်ဖြင့် ထွန်စက်များရောင်းချ

မကွေးတိုင်း စက်မှုလယ်ယာဦးစီးဌာနမှ မင်းဘူးခရိုင် တောင်သူလယ်သမားကြီးများအား လယ်ယာ (၁၆/၂၂)ထွန်စက်များ ချေးငွေအရစ်ကျ ငွေပေးချေစနစ်ဖြင့်ရောင်းချသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီက မင်းဘူးမြို့ စက်မှုလယ်ယာဦးစီးဌာနတွင် ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ တက်ရောက်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဝင်းက ယန္တရားများ စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းနှင့် မန်နေဂျာ ဒေါ်ခင်အေးမြင့်က ချေးငွေကို စနစ်တကျ သတ်မှတ်ချက်နှင့်အညီ တာဝန်ကျေ ပြန်လည်ပေးဆပ်ရန် ရှင်းလင်းပြောကြားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အရေးပေါ်ထိခိုက်ဒဏ်ရာရလူနာများအတွက် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲတက်ရောက်

ရန်ကုန် မတ် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော အရေးပေါ်ထိခိုက်ဒဏ်ရာရလူနာများအတွက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကိုလက်ခံသည်။

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အရေးပေါ် ထိခိုက်ဒဏ်ရာရ လူနာများအတွက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခဌာနမှူးများ၊ ဌာနမှူးများ၊ ဆရာဝန်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဆေးပဒေသာပင်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့မှ ပြည်သူများသည် အမျိုးမျိုးသော ထိခိုက်ဒဏ်ရာ ရရှိမှုများကြောင့် အရေးပေါ် လူနာဌာနသို့ ရောက်ရှိနေကြကြောင်း၊ ရောက်ရှိလာသောလူနာများကို ဆရာဝန်၊ ဆရာမများက အသက်ကယ်တင် ကုသပေးခဲ့ရကြောင်း၊ ယင်းကဲ့သို့ အရေးပေါ် ထိခိုက်ဒဏ်ရာရပြီး ရောက်ရှိလာသော ငွေကြေးချို့တဲ့သူများအား အသက်ကယ်တင် ကုသပေးနိုင်ရန်အတွက် ယခုကဲ့သို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းဖြစ်ကြောင်း။

ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းကာ နိုင်ငံအဝန်း ကျေးလက်ဒေသများပါမကျန် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ခေတ်မီ ဆေးရုံသုံး ပစ္စည်းကိရိယာများနှင့် ဆေးဝါးများ ဝယ်ယူဖြည့်တင်းပေးခြင်း၊ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးတက်ခန့်ထားခြင်း၊ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ကြိုတင်ကာကွယ်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေး၊ ရောဂါကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အရေးပေါ် ထိခိုက်ဒဏ်ရာရ လူနာများအတွက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

ထိခိုက်ဒဏ်ရာရမှု

ကူးစက်ခြင်းမရှိသော ရောဂါများတွင် ထိခိုက်ဒဏ်ရာရမှုမှာ မြင့်မားလာပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၀၀၆ ခုနှစ်တွင် ထိခိုက်ဒဏ်ရာရ လူနာပေါင်း ၃၉၆၉ ဦးကို ကုသပေးခဲ့ရကြောင်းကို မှတ်တမ်းများအရ သိရှိရကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေ တိုးတက်များပြားလာပြီး ထိခိုက်ဒဏ်ရာရမှုသည်လည်း များပြားလာကြောင်း။

ယနေ့ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဆေးပဒေသာပင်သည် ထိခိုက်ဒဏ်ရာရလူနာများအတွက် တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုနေကြောင်း၊ သက်ဆိုင်ရာ ဆေးရုံများကလည်း ထိရောက်အကျိုးရှိစွာ အသုံးပြုသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

လှူဒါန်း

ထို့နောက် ဆေးပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ် ၂၅ သိန်း၊ ဦးဝင်းသိန်း–အေဝမ်း ဒေါ်တင်တင်လှ (ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)က ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဇော်နိုင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်ဟိန္ဒူဖောင်ဒေးရှင်း)က ငွေကျပ် ၅၁၃၀၀၀၊ ဦးနေဝင်း (ရတနာရှိုးဟိုတယ်)၊ ရွှေညည့်သည် မော်တော်ယာဉ်လိုင်း၊ မထသ(မြို့တွင်း)၊ ဦးအေးလွင်(ဥက္ကဋ္ဌ၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်)၊ သုခမ္မ မဏ်ဓောတရေ ဦးဇေယျာသူရမွန်–ဒေါ်ခိုင်ခိုင်မြင့် (Gunkul Engineering Supply Co., Ltd.)နှင့် မထသ (ရန်ကုန်တောင်ပိုင်းခရိုင်)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးသိန်းမောင်–ဒေါ်ပါးပါးအား အမှူးထား၍ ဦးတင်မောင်(စန္ဒီပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ သီရိသုခမ္မမဏ်ဓောတရေ ဦးထွန်းလင်း–သီရိသုခမ္မသီရိဒေါ်ရင်ရင်စိုး၊ ဦးစိန်(မြန်မာမြင့်ကုမ္ပဏီ)၊ ပါရမီယာဉ်လိုင်း၊ မထသ(ရန်ကုန် အနောက်ပိုင်းခရိုင်)၊ ဦးအောင်သန်း(ဥက္ကဋ္ဌ၊ တောင်ဒဂုံစက်မှုဇုန်–၃)၊ ဦးဇော်နိုင်–ဒေါ်ခင်မာဆွေ(မင်္ဂလာ တောင်ညွန့်)နှင့် ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီ)တို့က ငွေကျပ်သုံးသိန်းစီ တို့ကို လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော သီရိသုခမ္မ မဏ်ဓောတရေ ဦးစိုးဟန်လင်း–ဒေါ်နန္ဒာအောင် (ဗိုလ်တထောင်မြို့နယ်)၊ မထသ(အဝေးပြေး)၊ မထသ(ရန်ကုန်မြောက်ပိုင်းခရိုင်)၊ ဦးမြင့်နိုင်(ငပလီဆောက်လုပ်ရေး)၊ ဦးစိုးမြင့်(စတီးလ်ပစ္စည်း–ပုဇွန်တောင်)၊ ဦးကျော်ကျော်ဦး (စီးပွားရေး လုပ်ငန်းရှင်–တောင်ဥက္ကလာပ)၊ ဒေါက်တာအောင်ကျော်ထွန်း (ဒဂုံအထူးကုဆေးခန်း)၊ မထသ (ရန်ကုန်အရှေ့ပိုင်းခရိုင်)၊ Golden Hill၊ 777 ပလတ်စတစ်၊ ရွှေကမ္ဘာကျော်ပွဲရုံ၊ MWDCကုမ္ပဏီ(ရွှေပြည်သာ)၊မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်း၊ ဒေါ်မေသန်းနွယ် (သီရိရွှေရည် ဓာတ်ပုံတိုက်)နှင့် ဦးရန်မြင့်ချို (သန်လျင်မြို့နယ်)တို့က ငွေကျပ်နှစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူရှင်များက အလှူငွေများကို ဆက်လက်ပေးအပ် လှူဒါန်းကြရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့အလှူရှင်များက ဆေးပဒေသာပင်အတွက် စိုက်ထူလှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂၀၆၈၀၀၀၀ ဖြစ်ပြီး အဆိုပါ လှူဒါန်းငွေများမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံနှင့် သဃ်န်းကျွန်း စံပြဆေးရုံကြီးတို့ အတွက်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခေတ္တဆေးရုံအုပ်ကြီးပါမောက္ခဒေါက်တာ ဦးခင်မောင်အေး က ကျေးဇူးတင်စကား ပြန်လည် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် လူနာဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

အမျိုးသမီးရေးရာသိမှတ်ဖွယ်ရာ ဟောပြောပွဲနှင့်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၂

စစ်ကိုင်းတိုင်း နာဂတောင်တန်း လဟယ်မြို့သို့ ရောက်ရှိနေသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များ၊ ခန္တီးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီမြင့်တို့ လိုက်ပါလျက် မတ် ၁၉ရက် နံနက် ၈နာရီတွင် လဟယ်မြို့ ရိုးရာပွဲတော်ကွင်း၌ ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပသည်။ **(အောက်ပုံ)**

ဟောပြောဆွေးနွေး

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အမျိုးသမီးရေးရာအဖွဲ့ ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ညွန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှု အကြောင်းများကို လည်းကောင်း၊ လဟယ်မြို့နယ် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဆရာမ ဒေါ်အေးအေးကြိုင်က အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံများ၊ မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊ လင်ဇီးစသော တိုင်းရင်းဆေးဝါးများနှင့် အိုင်အိုဒင်းဆားများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါ်ညွန့်ညွန့်ဦးက လဟယ်မြို့နယ်ရှိ ကလေးမိခင်များ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်များကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ လဟယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမာတူးက စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌထံ အမျိုးသမီးရေးရာ အဆိုပြုလွှာကို ပေးအပ်ရာ တိုင်းဥက္ကဋ္ဌက အဖွဲ့ဝင်အသိအမှတ်ပြု ကတ်ပြားများကို ပြန်လည်ပေးအပ်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လဟယ်မြို့နယ် အမျိုးသမီးရေးရာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်သည်။ ယင်း ဆွေးနွေးဟောပြောပွဲနှင့် စကားဝိုင်းသို့ အမျိုးသမီး ၃၀၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

ဆက်လက်၍ တက်ရောက်လာသူ အမျိုးသမီးများနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ရီးရဲမက်ဒရစ်အတွက် တိုက်စစ်မှူးရာအူးလ်

မက်ဒရစ် မတ် ၂၂

စပိန်မြေမှ ကမ္ဘာကျော်ဘောလုံးအသင်း ရီးရဲမက်ဒရစ်အကြောင်းရေးလျှင် ရီးရဲမက်ဒရစ်၏ အမှတ်သင်္ကေတဖြစ်သော ရာအူးလ်အကြောင်းပါမှ ပြည့်စုံမည် ဖြစ်သည်။

ရာအူးလ်သည် ရီးရဲမက်ဒရစ်၏ ပုံရိပ်အဖြစ် လွှမ်းမိုးထားနိုင်ခဲ့သူ တစ်ဦးဖြစ်သလို ရီးရဲမက်ဒရစ် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်သူလည်း ဖြစ်သည်။

ကစားခဲ့ရ

၁၉၇၇ခုနှစ် ဇွန်လ၂၇ရက်၌ မွေးဖွားခဲ့သော ဂွန်ဇာလက်ဇ်ရာအူးလ်မှာ ယခုအသက် (၂၉)နှစ်ပြည့်တော့မည် ဖြစ်သည်။ ရာအူးလ်နှင့် ရီးရဲမက်ဒရစ်တို့ ဆက်စပ်မှုကို ကြည့်လျှင် ၂၀၀၁-၂၀၀၂ခုနှစ်က ရီးရဲမက်ဒရစ်သို့ရောက်ရှိလာသော ရာအူးလ်သည်စတင်ကစားသည့်နှစ်မှာပင် ပထမကစားသမားစာရင်းတွင် ထည့်သွင်းပြီး ပွဲတိုင်းနီးပါးကစားခဲ့ရသည်။

သွင်းယူပေးနိုင်

ထိုနှစ်က ရီးရဲမက်ဒရစ်အတွက် စပိန်လာလီဂါပွဲပေါင်း ၂၇ပွဲကစားပေးခဲ့ပြီး၁၄ဂိုးသွင်းယူနိုင်ခဲ့သလိုချန်ပီယံလိဂ် ပွဲစဉ်၌လည်း ရီးရဲမက်ဒရစ်အတွက် ရှစ်ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။စပိန်ဘောလုံးအသင်းနှင့်အတူ နိုင်ငံတကာ ချစ်ကြည်ရေးပွဲတစ်ပွဲ ကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့ရာ ထို၂၀၀၁-၂၀၀၂ခုနှစ်က ရီးရဲမက်ဒရစ်အတွက်စုစုပေါင်း၃၅ပွဲကစားပေးခဲ့ပြီး ၂၂ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထိုနှစ်က ရီးရဲမက်ဒရစ်အတွက် ဂိုးအများဆုံးသွင်းယူပေးနိုင်ခဲ့သူများ၌ ရာအူးလ်လည်း ပါဝင်ခဲ့သည်။ သို့သော်လည်း လာလီဂါ၌ ရီးရဲမက်ဒရစ်တို့ တတိယသာ ချိတ်နိုင်ခဲ့သည်။

ရရှိခဲ့

၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌မူ ရာအူးလ် ခြေစွမ်းပြကစားနိုင်ခဲ့မှုကြောင့် စပိန်လာလီဂါပွဲပေါင်း ၃၁ပွဲ ကစားခဲ့ရာတွင် ရီးရဲမက်ဒရစ်အတွက် တစ်ဦးတည်း ၁၆ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ ချန်ပီယံလိဂ်တွင်လည်း ၁၂ပွဲကစားပေးခဲ့ပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့ရာ လာလီဂါတွင်ရီးရဲမက်ဒရစ်တို့ဖလားရရှိအောင် ရာအူးလ်က အပြည့်အဝစွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထိုနှစ်က ရီးရဲမက်ဒရစ်တို့ လာလီဂါဖလားကို ထိုက်ထိုက်တန်တန် ရရှိခဲ့လေသည်။

သင်္ကေတသဖွယ်

ထိုသို့ ရီးရဲမက်ဒရစ်ကို လာလီဂါဖလားရရှိအောင် ကြိုးစားပေးနိုင်ခဲ့မှုကြောင့် ရာအူးလ်သည် ရီးရဲမက်ဒရစ်ပရိသတ်အချစ်တော်ဖြစ်ခဲ့သလို ရီးရဲမက်ဒရစ် အသင်းတွင်လည်း အမှတ်သင်္ကေတတစ်ခုသဖွယ် ဖြစ်ခဲ့သည်။

သို့သော် ၂၀၀၃-၂၀၀၄ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်၌ ကမ္ဘာကျော်ဘောလုံးသမား အများအပြားရောက်ရှိလာခဲ့ရာ အတွဲအဖက် ညီညီကစားရန် အခက်အခဲ ကြုံတွေ့လာရသော ရာအူးလ်သည် ထိုနှစ်၌ စပိန်လာလီဂါတွင် ၃၅ပွဲ ကစားပေးနိုင်ခဲ့သော်လည်း ၁၁ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ထို့အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရှစ်ပွဲကစားပြီး နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ရာ ရာအူးလ် ဂိုးသွင်းစွမ်းရည် ကျဆင်းခဲ့သဖြင့် ရီးရဲမက်ဒရစ်လည်း လာလီဂါချန်ပီယံကို ဆက်မထိန်းနိုင်တော့ဘဲ စတုတ္ထနှင့်သာ ကျေနပ်ခဲ့ရသည်။

ရီးရဲမက်ဒရစ် တိုက်စစ်မှူးရာအူးလ်။ (ဓာတ်ပုံ-အင်တာနက်)

သို့ရာတွင် ထိုနှစ်က စပိန်ဘောလုံးအသင်းအတွက် ယူရို ၂၀၀၄ခြေစစ်ပွဲ ၁၀ပွဲ ကစားပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူနိုင်ခဲ့သလို ခြေစစ်ပွဲလည်း အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း၌ ရာအူးလ်ထိခိုက်ဒဏ်ရာရရှိမှုများလာပြီး ကြံ့ခိုင်မှု မပြည့်ဝဘဲ ကစားနေခဲ့ရာမှ ၂၀၀၄-၂၀၀၅ ရီးရဲမက်ဒရစ်အတွက် လာလီဂါတွင်၃၁ပွဲကစား ရှစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်တွင် ၁၀ပွဲကစား၊ လေးဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ လာလီဂါတွင် ရီးရဲမက်ဒရစ်တို့ ဒုတိယဖြင့်သာ ရရှိခဲ့ပြန်သည်။

စွမ်းဆောင်ပေးနိုင်

ထို့အတူ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင်လည်း ရာအူးလ် အနေဖြင့် ခြေထောက်ဒဏ်ရာရရှိမှုများနေသဖြင့် ရီးရဲမက်ဒရစ်အတွက် ချန်ပီယံလိဂ်နှင့် လာလီဂါတို့တွင် စုစုပေါင်း ၂၅ ပွဲသာ ကစားပေးနိုင်ခဲ့ပြီး ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ စပိန်အသင်းနှင့် အတူ ချစ်ကြည်ရေးပွဲများ အပါအဝင် ထိုနှစ်တစ်ရာသီလုံး၌ ၂၆ပွဲကစားနိုင်ပြီး ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် ရာအူးလ်၏ ဂိုးသွင်းစွမ်းရည် ကျဆင်းမှုကို ဖော်ပြလျက် ရှိနေသည်။ ယခုအခါ ရီးရဲမက်ဒရစ်သို့ တိုက်စစ်မှူး နစ္စတယ်ရွိုင်းရောက်ရှိနေပြီး ဂိုးများအဆက်မပြတ် သွင်းယူနေသည်။ ရာအူးလ် လာလီဂါ၌ ပွဲ ၂၀ ကစားပေးခဲ့ပြီးသော်လည်း သုံးဂိုးသာသွင်းယူနိုင်သေးသည်။ ယခုနှစ်တွင် ရီးရဲမက်ဒရစ်၌ နစ္စတယ်ရွိုင်းက ၁၄ဂိုးသွင်းထားနိုင်သော်လည်း ရာအူးလ်၏ပံ့ပိုးမှုများမှာ အရေးပါနေဆဲဖြစ်သည်။ ရီးရဲမက်ဒရစ်တွင် ရိုနယ်ဒို၊ ဖီဂိုနှင့် ဒေးဗစ်ဘက်ခမ်းတို့ ရောက်ရှိလာခဲ့ချိန်၌ ရာအူးလ်၏ ပုံရိပ် မှေးမှိန်ခဲ့ရသော်လည်း အဓိကနေရာမှ စွမ်းဆောင်ပေးနိုင်နေဆဲပင်ဖြစ်သည်။

ယခု ရီးရဲမက်ဒရစ်၌ ရိုနယ်ဒိုနှင့် ဖီဂိုတို့ ထွက်ခွာသွားကြပြီး ဒေးဗစ်ဘက်ခမ်းလည်း ယခုနှစ်ကုန်တွင် ပြောင်းရွှေ့တော့မည် ဖြစ်သော်လည်း ရာအူးလ်ကား ရီးရဲမက်ဒရစ်အတွက် စွမ်းအားရှိသမျှ အောင်မြင်မှုရရှိရန် ကြိုးစားပေးနေဦးမည့်သူ တစ်ဦးအဖြစ် မြင်တွေ့နေရဦးမည်သာ ဖြစ်သည်။

(အင်တာနက်)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

အင်တာနက် အားကစားသတင်း အတိုအထွာ

✻ **တောင်အမေရိက အသက် ၁၇နှစ်အောက် ချန်ပီယံ ဘောလုံးပြိုင်ပွဲကို မတ် ၂၀ရက်က ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားအသင်းက အီကွေဒေါ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

✻ **ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သည့် ဗလင်စီယာနှင့် အင်တာမီလန်တို့ပွဲတွင် ခိုက်ရန်ဖြစ်ပွားခဲ့သော ဗလင်စီယာဘောလုံးသမား ဒေးဗစ်နာဗာရိုအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ဘောလုံးကစားခွင့် ခုနစ်လပိတ်လိုက်သည်။ ဒေးဗစ်နာဗာရိုသည် ပြည်တွင်းလိဂ်ပွဲစဉ်များ၊ ဥရောပနှင့် နိုင်ငံတကာ ဘောလုံးပွဲစဉ်များ၌ လာမည့်အောက်တိုဘာလအထိ ကစားခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။**

✻ ဓနသဟာယ ခရူဇာဝိတ် လက်ဝှေ့ချန်ပီယံ ဂျွန်ကီးတန်က စိန်ခေါ်သူ ကနေဒါနိုင်ငံသား တီရှိုင်းရို့စ်အား ဒုတိယအချီတွင် အလဲထိုး အနိုင်ယူလိုက်သည်။ အသက်(၃၄)နှစ်အရွယ် ဂျွန်ကီးတန်နှင့် တီရှိုင်းရို့စ်တို့ လက်ဝှေ့ပွဲကို မတ် ၂၀ ရက်က ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

✻ **ဝီဂန်အသင်းတွင် ကစားနေသော ကာမာရာအား ဒူးဒဏ်ရာရထားသော်လည်း လာမည့်သီတင်းပတ်တွင် ကစားမည့် အာဖရိကဖလား ခြေစစ်ပွဲအတွက် ဆီနီဂေါအသင်းက ခေါ်ယူထားသည်။**

✻ အက်စ်တွန်ဗီလာအသင်း နောက်တန်းကစားသမား ဂါးနက်ဘာရီအား မကြာမီ အစ္စရေးနှင့် အင်ဒိုရာအသင်းများနှင့် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲအတွက် အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်က ခေါ်ယူထားကြောင်း သိရသည်။

✻ **ပရီမီယာလိဂ်ပြိုင်ပွဲတွင် အဲဗာတန်က အာဆင်နယ်အသင်းကို အနိုင်ဂိုး သွင်းယူပေးလိုက်သည့် ဂျွန်ဆင်က ၎င်းအနေဖြင့် အင်္ဂလန်အသင်းတွင် အစ္စရေးနှင့် အင်ဒိုရာတို့နှင့် ကစားမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲ၌ ပါဝင်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြား လိုက်သည်။**

✻ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က ၎င်းအနေဖြင့် မကြာသေးမီက ချယ်လ်ဆီးအသင်းမှ ထွက်ခွာလိမ့်မည်ဟု ထင်ကြေးပေးမှုများကို တုံ့ပြန်လျက် ချယ်လ်ဆီးနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

✻ **ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ရေကူးပြိုင်ပွဲ၏ ငါးရက်မြောက်ပြိုင်ပွဲများအပြီးတွင် ရုရှားနှင့် တရုတ်တို့က ရွှေတံဆိပ် လေးခုစီ အသီးသီး ဆွတ်ခူးရရှိထားသည်။**

မန်ယူက ချယ်လ်ဆီးကွင်းသို့ သွားရောက်ကစားရမည့် ပွဲစဉ်(၃၄) ဧပြီ ၁၄ရက်အစား မေ ၉ရက်သို့ ရွှေ့ကစားမည်

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို (ဝဲ)နှင့် မန်ယူနည်းပြ ဖာဂူဆန်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မတ် ၂၂

မန်ချက်စတာယူနိုက်တက် နည်းပြဆာအလက်ဇ်ဖာဂူဆန်နှင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုတို့သည် ဧပြီ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ် ပွဲစဉ်(၃၄)ကို မေ ၉ရက်တွင် ပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ကြသည်။ ယင်းပွဲစဉ်တွင် မန်ယူက ချယ်လ်ဆီးကွင်းသို့ သွားရောက်ကစားရမည့်ပွဲ ဖြစ်သည်။ ယင်းတို့နှစ်သင်းသည် အက်ဖ်အေဖလားအကြို ဗိုလ်လုပွဲသို့ ရောက်ရှိလာခဲ့ကြပြီးနောက် ပရီမီယာလိဂ်ပွဲစဉ်ကို အလိုအလျောက် ရွှေ့ဆိုင်းခဲ့ကြသည်။

ဦးဆောင်

ယင်းပွဲစဉ်သည် နှစ်သင်းစလုံးအတွက် အရေးပါပြီး နောက်ဆုံး အကြီးအကျယ်ဆုံးပြိုင်ပွဲကြီးလည်းဖြစ်သည်။ လောလောဆယ်တွင်မန်ယူကချယ်လ်ဆီးအသင်းကို ခြောက်မှတ်အသာဖြင့် ဦးဆောင်နေသည်။ ယင်းတို့နှစ်သင်းသည်ပရီမီယာလိဂ်လက်ကျန်ပွဲကစားရန် ရှစ်ပွဲစီသာ ကျန်တော့သည်။

သေချာ

မန်ယူတို့ ယင်းကစားမည့်ပွဲစဉ်အထိ ရရှိထားသော ခြောက်မှတ်ကို ဆက်ထိန်းထားနိုင်ခဲ့လျှင် ဂိုးကွာခြားချက်ဖြင့် မန်ယူတို့ဖလားရရှိရန် သေချာသွားပြီဖြစ်သည်။

ပြောင်းရွှေ့

မန်ယူတို့မတ်၃၁ရက်တွင် ဘလက်ဘန်းအသင်းနှင့် လည်းကောင်း၊ ဧပြီ ၇ရက်တွင် ပို့စ်မောက်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ သို့သော်လည်း ဧပြီ၁၀ရက်တွင် ရှက်ဖီးနှင့်ကစားမည့်ပွဲစဉ်ကို ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲအဖြစ် ရိုးမားအသင်းနှင့် ကစားရမည်ဖြစ်၍ ဧပြီ ၁၇ရက်သို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။

(အင်တာနက်)

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ဘာမင်ဂမ်ရောက် အင်ဒီကိုးလ် ရာသီကုန်အထိကစားရန် စာချုပ်

မန်ယူတိုက်စစ်မှူးဟောင်း အင်ဒီကိုးလ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မတ် ၂၂

ပို့စ်မောက်တိုက်စစ်မှူး အင်ဒီကိုးလ်အား ဘာမင်ဂမ်အသင်းက ရာသီကုန်အထိ ငှားရမ်းရန် စာချုပ်လိုက်သည်။

ခေါ်ယူ

အသက်(၃၅)နှစ်ရှိ ယင်းတိုက်စစ်မှူးသည် ၂၀၀၆ခုနှစ် ဩဂုတ်လက မန်စီးတီးအသင်းမှ ပို့စ်မောက်အသင်းက ပေါင်ငါးသိန်းဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ပြောကြား

မန်ယူတိုက်စစ်မှူးဟောင်း အင်ဒီကိုးလ်သည် ဘာမင်ဂမ်အသင်းကို ပရီမီယာလိဂ်တန်းတက်နိုင်ရေးစွမ်းဆောင်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း နည်းပြစတိဗ်ဘရုဇ်က ပြောကြားသည်။ **(အင်တာနက်)**

နည်းပြကောင်းဖြစ်လာရန် မက်ကလာရင်ယုံကြည်

လန်ဒန် မတ် ၂၂

အင်္ဂလန်အသင်းသည် မတ်၂၄ရက်တွင် ယူရို၂၀၀၈ခြေစစ်ပွဲအဖြစ် အစ္စရေး၏အိမ်ကွင်းသို့သွားရောက်ကစားမည်ဖြစ်သည်။ အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်သည် ၂၀၀၆ခုနှစ် ဩဂုတ် ၁ရက်က အင်္ဂလန်အသင်းကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့ရာ ယခုကစားမည့် အစ္စရေးနှင့်ပွဲစဉ်မှာ တတိယမြောက် ယူရို ၂၀၀၈ ခြေစစ်ပွဲပြိုင်ပွဲဖြစ်သည်။

နည်းပြမက်ကလာရင်က ၎င်းအနေဖြင့် နည်းပြတာဝန်ကို ယူချိန်မှစ၍ ယင်းပွဲစဉ်တွင် ပို၍ကောင်းမွန်သော နည်းပြအဖြစ် လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း မစ်ဒယ်ဘရော့နည်းပြဟောင်း မက်ကလာရင်က ဆိုသည်။

မိမိအနေဖြင့် လာမည့်နှစ်နွေရာသီတွင် ဩစတြီးယားနှင့် ဆွစ်ဇာလန်၌ ကျင်းပမည့် ယူရို၂၀၀၈ နောက်ဆုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် ထိပ်တန်းနှစ်နေရာမှ တစ်နေရာအတွက် ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၂၇-A နေ (ဦးဦးသာ၊ သချာ)-ဒေါ်တင်ဝင်းတို့၏သား

ဥက္ကာဦးသာ (Pianist) Lazy Club

NCC Int'l Higher Diploma in Computer Studies (U.K)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် ၂၃၈-6A နေ ဦးထွေးမောင်မောင်(အကောက်ခွန်မှူး၊ငြိမ်း)-ဒေါ်သန္တာလွင်(ခ)ဒေါ်ဆုရည်နွယ်တို့၏တစ်ဦးတည်းသောသမီး

မြတ်မွန်မွန်မောင်(ခ)ရှင်ဖုန်း B.A (English)

Diploma in Management Accounding

တို့သည်နှစ်ဖက်သော မိဘများ၏ သဘောတူညီခွင့်ပြုချက်အရ လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်

ဥက္ကာဦးသာ-မြတ်မွန်မွန်မောင်(ခ)ရှင်ဖုန်း။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစောဝင်း(အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်) ဒေါက်တာဒေါ်ဝင်းဝင်းအေး(ပွိုင့်ဆေးကုခန်း၊ ဗဟန်း) တို့၏တစ်ဦးတည်းသောသား

မောင်သီဟထွန်း (2nd year Botany)

နှင့်

ရန်ကုန်မြို့၊ FMI City မင်္ဂလာ(၁)လမ်း၊ အမှတ် K-25 နေ (ဗိုလ်မှူးကြီးတင်အောင်ထွန်း၊ သံအမတ်ကြီး-ငြိမ်း)-ဒေါ်ခင်ဆွေတင့် (ဦးကျော်မင်း)မန္တလေးရုပ်ရှင်-ဒေါ်ရီရီတို့၏မြေး ဦးလင်းထွန်း-ဒေါ်ခင်လှလေးတို့၏သမီးလတ်

မကြော့ကြော့ကေခိုင်လင်း (2nd Year Law)

တို့၏ ၁၈-၃-၂၀၀၇ရက် (တနင်္ဂနွေနေ့) Dusit Inya Lake Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာ လက်ဆောင်ပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်

မောင်သီဟထွန်း-မကြော့ကြော့ကေခိုင်လင်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ရှိ သတ်မှတ်ထားသော မြေနေရာတွင် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၈ ဒသမ ၅ သန်းရှိ ၅၄ပေ X ၄၃ပေ နှစ်ထပ် အုတ်ညှပ်အဆောက်အအုံကို ဆောက်လုပ်မည်ဖြစ်ပါသဖြင့် တရားဝင် မှတ်ပုံတင်ပြီးဖြစ်သည့် ဆောက်လုပ်ရေးကုမ္ပဏီများသည် ပျဉ်းမနား ခရိုင်တရားရုံးသို့ ၂၉-၃-၂၀၀၇ရက်မတိုင်မီ ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ဆောက်လုပ်မည့် အဆောက်အအုံ ပုံစံအတိုင်းအတာနှင့် အသေးစိတ် အစီအစဉ်များကို ချိပ်ပိတ်တင်ဒါတင်သွင်းခြင်းမပြုမီ လာရောက်ကြည့်ရှု လေ့လာမေးမြန်းနိုင်ပါသည်။

ခရိုင်တရားရုံး၊ဆောက်လုပ်ရေးကော်မတီ။

မော်တော်ယာဉ်လေလံကြော်ငြာ

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံအလုပ်ရုံများမှ အသုံးမလို မော်တော်ယာဉ်သုံးစီးနှင့် ယန္တရားသုံးစီးတို့အား အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်-

စဉ်	ယာဉ်အမျိုးအစား / စက်ရုံ	အရေအတွက်	လေလံတင်မည့်နေရာ / ရက်စွဲ/အချိန်
(၁)	TE-21 Hino ရေနီအမှတ်(၂) စက္ကူစက်ရုံ	၂	မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ၂၈-၃-၂၀၀၇ နံနက် ၁၀:၀၀ နာရီ
(၂)	မာဇဒါဘီ(၆၀၀) မီးခြစ်စက်ရုံ(မန္တလေး)	၁	
(၃)	ယန္တရား ရေနီအမှတ်(၂)စက္ကူစက်ရုံ	၃	

၂။ လေလံစည်းကမ်းချက်များကို လေလံတင်ရောင်းချမည့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း(ရုံးချုပ်)တွင် တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ၂၀၀၇ ခုနှစ် မတ် ၂၃ရက်မှစ၍ ဝယ်ယူနိုင်ပြီး လေလံတင်ရောင်းချမည့်မော်တော်ယာဉ်များအား လေလံစည်းကမ်းချက်များ ဝယ်ယူသည့်ရက်မှစ၍ လေလံတင်ရောင်းချမည့်ရက် မတိုင်မီအထိ ရုံးချိန်အတွင်း(လေလံစည်းကမ်းချက်ဝယ်ယူသူများသာ)သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံတွင် သွားရောက်ကြည့်ရှုနိုင်သည်။

၃။ လေလံဆွဲမည့်သူများသည် လေလံပုံစံများတွင် သတ်မှတ်သည့်အချက် အလက်များဖြည့်စွက်ပြီး မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၌ လေလံတင် ရောင်းချမည့်ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ တင်ပြရန်ဖြစ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

စာရင်းစစ်ချုပ်ရုံး

နေပြည်တော်

မော်တော်ယာဉ်ဟောင်းများရောင်းချရန်အတွက်လေလံခေါ်ယူခြင်း

၁။ စာရင်းစစ်ချုပ်ရုံး(နေပြည်တော်)၏ အောက်ဖော်ပြပါ မော်တော်ယာဉ်များကို လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ လေလံပုံစံစည်းကမ်းချက် တစ်စုံလျှင် ကျပ် ၃၀၀၀ (ကျပ်သုံးထောင်တိတိ)နှုန်းဖြင့် ၆-၄-၂၀၀၇ရက် ၁၆:၀၀နာရီ နောက်ဆုံးထားပြီး ရန်ကုန်တိုင်း စာရင်းရုံး စီမံ(ပစ္စည်း)ဌာနစု၌ ဝယ်ယူနိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

၂။ လေလံတင်မည့်ရက်မှာ ၁၀-၄-၂၀၀၇ရက်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို စီမံ(ပစ္စည်း)ဌာနတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ လေလံတင်ရောင်းချမည့်နေရာမှာ ရန်ကုန်တိုင်းစာရင်းရုံးဝင်းအတွင်း ဖြစ်ပါသည်။

လေလံတင်ရောင်းချမည့် မော်တော်ယာဉ်များစာရင်း

စဉ်	ယာဉ်အမျိုးအစား	ယာဉ်အမှတ်
၁။	မာဇဒါဘီ-၆၀၀	ဏ/၃၀၉၂
၂။	မာဇဒါဘီ-၆၀၀	ဏ/၅၅၅၁
၃။	မာဇဒါဘီ-၆၀၀	ဓ/ ၂၁၃၃
၄။	မာဇဒါဘီ-၆၀၀	ည/ ၉၇၃၆

စီမံ(ပစ္စည်း)ဌာန

စာရင်းစစ်ချုပ်ရုံး။



သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၃၁နေ ဦးမောင်စိုး-(ဒေါ်သိန်းရီ)တို့၏သမီး၊ မသန်းသန်းအေး ၁၀/ရမန(နိုင်)၀၀၅၁၀၅သည် မိဘအပေါ်စိတ်ဆင်းရဲအောင် ပြုမူသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဦးမောင်စိုး ၁၀/ရမန(နိုင်)၀၀၅၁၀၂။**

ခနောက်စိမ်းအရောင်းအဝယ်ကိစ္စအများသိစေရန်

မြန်မာ့ရွှေမြေဓာတ်သတ္တုတူးဖော်ရေး Co.,Ltd.ဝန်ထမ်း(၅)ဦးအမည်ဖြင့် အနန်းပင်ကွင်းဒေသမှ ခနောက်စိမ်းလက်လုပ်လက်စား တူးဖော်ခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တုများ တူးဖော်ရောင်းချရန် တန်ချိန် ၁၈၀အတွက် ၇-၄-၂၀၀၆ရက် နေ့စွဲပါ စာရင်းအမှတ် MD-78၊ ငွေရပြေစာအမှတ် ၅၆၃၇ဖြင့် သတ္တုတွင်း ဝန်ကြီးဌာနသို့ ဓာတ်သတ္တုခွန်များ ပေးဆောင်ထားပြီးဖြစ်ပါသည်။

ယခု ခနောက်စိမ်းဓာတ်သတ္တုများ ရောင်းချရန်စီစဉ်နေချိန်တွင် ယင်းသတ္တုခွန်ဆောင်ထားသော အခွန်ပြေစာပျောက်ဆုံးသွားပါသဖြင့် မြန်မာ့ရွှေမြေဓာတ်သတ္တုတူးဖော်ရေး Co.,Ltd. အနေဖြင့် သတ္တုအခွန်ဆောင်ပြီး ပြေစာနှင့် ရောင်းချခွင့်အရပ်ရပ်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်း၊ အပ်နှံခြင်း၊ ကိုယ်စားလှယ်ပေးအပ်ထားခြင်း မရှိပါကြောင်းနှင့် ၎င်းအခွန်ပြေစာဖြင့် လွှဲပြောင်းရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် ပြန်လည်အပ်နှံပါက ကျေးဇူးဆပ်ပါမည့်အကြောင်းနှင့် တရားမဝင် လွှဲပြောင်းရောင်းချပါကလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်မြင့် (မန်နေဂျင်းဒါရိုက်တာ)
မြန်မာ့ရွှေမြေဓာတ်သတ္တုတူးဖော်ရေး
Co.,Ltd.၏လွှဲအပ်ချက်အရ-

ဦးစိုးထွန်း
တရားရုံးချုပ်ရှေ့နေ၊ (၅၉၃၆)
တိုက်အမှတ် ၉/၁၁၊ အခန်းအမှတ် ၄(က)၊
ရုံးခန်းအမှတ် ၅၊ စတုတ္ထထပ်၊
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



အများသိစေရန်ကြေညာချက်

ပျဉ်းမနားမြို့၊ မိုးစွေရွာနေ ဦးမြင့်ဆွေ ၉/ပမန(နိုင်)၁၄၅၆၉၉သည် ၎င်းပိုင်ဆိုင်သော ပျဉ်းမနား အောင်စည်သာရပ်ရှိ လန-၃၈(၁)မြေကွက်ကို ဦးသန်းလှိုင်အား ရောင်းချမည်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဆွေ
၉/ပမန(နိုင်)၁၄၅၆၉၉
ပျဉ်းမနား။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၇၀၂၆ တိုရိုတာ တောင်းအေ့(စ်)ယာဉ် လက်ဝယ်ရှိသူ အမည် ဒေါ်ရွှေကျင်ရှန် မှတ်ပုံတင်အမှတ် Lso- ၀၇၆၇၆၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(အနောက်ပိုင်းခရိုင်ရုံး) ရန်ကုန်မြို့။**

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးကျော်သူ၏သား ကိုကျော်ဇင်လတ် ၉/မမန(ဧည့်)၀၀၀၄၅၂ အား ကိုကျော်ဇင်လတ်(ခ)မင်ထိုက်ချင်ဟု ဖြည့်စွက်ခေါ်ပါရန်။

ကျော်ဇင်လတ်(ခ)မင်ထိုက်ချင်။

မီးလောင်မှုသတင်း

ရန်ကုန် မတ် ၂၂

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ငါးပြေမရွာ၌ မတ် ၂၁ရက် မွန်းလွဲ ၁နာရီခွဲက တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ် ၆၇လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၆၈စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ မီးဘေးသင့်သူများအား ကျေးရွာဘုန်းကြီးကျောင်းနှင့် ကျေးရွာမူလတန်းကျောင်းတို့၌ ယာယီနေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာဒုံတောတိုက်ဓမ္မရိပ်သာ သင်္ကြန်အထူးတရားစခန်း

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောရတိုက်ရပ်ကွက် တောတိုက် ဓမ္မရိပ်သာကျောင်းတိုက်များ၏ဦးစီးပဓာန မဟာနာယက ရွှေတိဂုံ၊ဗိုလ်တထောင်၊ ရွှေပြည်သာမြို့ဦး၊သာစုကန်စေတီတော်ဂေါပကအဖွဲ့များ၏ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်ဆရာတော်ကြီးကိုယ်တိုင် မဟာသင်္ကြန် ဒုလ္လဘ အထူးတရားစခန်းပွဲကို ၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ရက်(ဧပြီ၈ရက်)မှ ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၂ရက်(ဧပြီ၁၇ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင် ဝတ်လိုသူများနှင့်တရားအားထုတ်လိုသော ယောဂီများသည် ဧပြီ ၇ရက် မွန်းလွဲ ၁နာရီအရောက် လာရောက်ကြပါရန်နှင့် ဖုန်း-၆၃၅၀၂၇၊ ၆၃၅၄၂၄သို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ထားဝယ်မြို့နှင့်ညောင်လေးပင်မြို့နယ်တို့၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် မတ် ၂၂

တနင်္သာရီတိုင်း ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် မင်းရဲကူးတို့လမ်း၌ ယနေ့နံနက် ၃နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဗိုင်းနားကျေးရွာ၌ ယနေ့နံနက် ၁နာရီခန့်တွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ၁၄ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

(သတင်းစဉ်)

ထားဝယ်မြို့၌ မီးလောင်

ရန်ကုန် မတ် ၂၂

တနင်္သာရီတိုင်း ထားဝယ်မြို့ ဝဲကျွန်း ညောင်ရမ်းရပ်ကွက် သီတာလမ်း၌ ယနေ့နံနက် ၁နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အရင်းမပျောက်ရန်ပုံငွေများ မတည်ပံ့ပိုးပေးအပ်

စစ်တွေ မတ် ၁

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကျော့ကျော့စံက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး(၂၀၀၇)ခုနှစ် ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာ ဥက္ကဋ္ဌများက မိမိတို့လုပ်ငန်းအဖွဲ့လိုက် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

ပေးအပ်

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကျော့ကျော့စံက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အသေးစားမတည်ရင်းနှီးငွေ(ယာယီ)ချေးငွေလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရင်းမပျောက် ရန်ပုံငွေများ မတည်ပံ့ပိုးပေးသော ငွေကျပ်သိန်း ၅၀ကို တစ်မြို့နယ်လျှင် ကျပ်နှစ်သိန်းငါးသောင်းစီဖြင့် မြို့နယ် ၂၀ သို့ ပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လက်ခံကြသည်။

ဆွေးနွေး

ယင်းနောက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့၊ ဘဝလုံခြုံရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့၊ လူမှုစီးပွားမြှင့်တင်ရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် စည်းရုံးရေးဆိုင်ရာ လေ့လာသုံးသပ်ရေး အဖွဲ့ဖွဲ့၍ အစုအဖွဲ့လိုက် ဆွေးနွေးကြသည်။

ထောက်ခံတင်ပြ

ဆက်လက်၍ အစုအဖွဲ့လေးဖွဲ့တို့က ချမှတ်သင့်သော ရှေ့လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အစုအဖွဲ့ကိုယ်စားလှယ်များက အသီးသီး ထောက်ခံဆွေးနွေး တင်ပြကြသည်။

ယင်းနောက် နာယက ဒေါ်ကျော့ကျော့စံက သုံးသပ်ချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။ **(အမျိုးသမီးရေးရာ)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသနေ ပြည်သူများ လူနေမှုဘဝ မြင့်မားတိုး တက် စေ ရေး အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မအူပင်မြို့နယ် ကဝက်ကင်းကျေးရွာအုပ်စု ကွဲခြိကျေးရွာတွင် ပိုင်ရှင် ဦးနီ၏ ကျေးလက် အိမ်ရာ တည်ဆောက်နေမှုကို မတ်၁၀ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မင်းသန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

သင်ကြားရေး အထောက်အကူပြု ပစ္စည်းများပေးအပ်

တပ်ကုန်း မတ် ၅

တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်ကြားရေးအထောက်အကူပြု ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ အလှူရှင် ဦးစောမင်း-ဒေါ်သီတာ(နေခြည်သက်ကဖေး) မိသားစုက ငွေကျပ်ရှစ်သောင်းတန်ဖိုးရှိ သင်ထောက်ကူ ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၂၆၆)**

စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကျင်းပ

ကြို့ပင်ကောက် မတ် ၁၅

ကြို့ပင်ကောက်မြို့ အမှတ်(၈၇)သစ်စက် စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးပြီး ဒုတိယအကြိမ်မြောက် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို မတ် ၃ရက်က သစ်စက်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြပြီး မန်နေဂျာ ဦးအောင်သိန်းက လှူဒါန်းသောစာအုပ်များကို လက်ခံရယူပြီး **(အပေါ်ပုံ)** စာရေးဆရာများဖြစ်ကြသော လယ်တွင်းသားစောချစ်၊ ဒေါက်တာခင်မောင်ညိုနှင့် ဒါရိုက်တာမောင်နေမျိုးတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(၀၄၀)**

စီဒါအမျိုးအစား မျိုးစေ့ချစက် ကိရိယာသစ်ဖြင့် ရေဆင်းလုံးသွယ်နွေစပါး တိုက်ရိုက်မျိုးစေ့ချ

မြစ်ငယ် မတ် ၁၂

မန္တလေးတိုင်း အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်းသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်အုန်းနှင့် နယ်မြေတာဝန်ခံ အလုပ်အမှုဆောင် ဦးအောင်သိန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်၊ ဆည်မြောင်းဦးစီးမှူး ဦးကျော်ညွန့်၊ စက်မှုလယ်ယာဦးစီးအရာရှိ ဦးကျော်စိုးထွေး၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးသိန်းလွင်၊ နယ်မြေတာဝန်ခံ ဦးတင်မြင့်နှင့် ကွင်းဝန်ထမ်းများလိုက်ပါလျက် ဖေဖော်ဝါရီ၂၆ ရက် နံနက် ၈နာရီက ဒေါင်းရွှေကျေးရွာအုပ်စု ကွင်းအမှတ်(၅၆၉)ဦးပိုင်အမှတ်(၇၄)ရှိ တောင်သူ ဦးစန်းယုမောင်၏လယ်မြေသို့ သွားရောက် ကြည့်ရှုကြသည်။ (အပေါ်ပုံ)

ကြည့်ရှု

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်းနှင့်အဖွဲ့သည် တောင်သူ ဦးစန်းယုမောင်၏ လယ်မြေ နှစ်ဧကတွင် ဗီယက်နမ် စီဒါအမျိုးအစား မျိုးစေ့ချ စက်ကိရိယာ အသစ်ဖြင့် ရေဆင်းလုံးသွယ်နွေစပါး တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

အားပေး

ထိုသို့ ကြည့်ရှုအားပေးရာတွင် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်မြင့်ဇော်က မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းအတွက် မျိုးစေ့ကုန်ကျမှုနှင့် စိုက်ပျိုးစရိတ် သက်သာမှုများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဥက္ကဋ္ဌက ကျယ်ကျယ်ပြန့်ပြန့်၊ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးရန် ပြောကြားကြောင်း သိရသည်။ **(၂၀၉)**

ကျန်းမာရေးနှင့် မညီညွတ်သော သီးနှံများ ရောင်းချခြင်းမပြုရေး ကွင်းဆင်း အသိပညာပေး

နမ့်ခမ်း မတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးအတွင်း ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပါဝင်မှုများ၍ ကျန်းမာရေးနှင့် မညီညွတ်သော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ရောင်းချခြင်းမပြုရန် အသိပညာပေး ရှင်းလင်းမှုကို ဖေဖော်ဝါရီ၁၅ရက် နံနက်၉နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးမှုကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် ဦးစီးအရာရှိ ဦးစိုးလင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ရက်က မြို့မဈေးကြီးတွင် အမှုဆောင်အရာရှိ ဦးဖြူညွန့်၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များစုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဆောင်ရွက်နေမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်စန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အနေ့းယာဉ်များ စည်းကမ်းလိုက်နာရေး

သာယာဝတီ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦး စီး အ ရာ ရှိ ဒေါ်မြမြထွေးနှင့် ဒုတိယ ဦးစီးမှူး (အခွန်)ဒေါ်နော်ဆာစေးဝါးတို့ ဦးစီးသောအဖွဲ့ မတ် ၈ ရက်က အနေ့းယာဉ်များ စည်းကမ်း စနစ်ကျနစွာ မောင်းနှင်ရေး၊ယာဉ်ကြံ့ခိုင်မှု ရှိစေ ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်း လိုက်နာရေးနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

အများသိစေရန်

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၅၈လမ်း၊ (၃၇ x ၃၈လမ်းကြား) အမှတ်-၅၉/၃၄နေ ဒေါ်အေးကြင်(မူအုပ်/ငြိမ်း)(အိုင်အက်စ်အင်န်-၄၃၈၉၄၀)၏ လွှဲအပ်ချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်-၂/က၊ စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၅၈)ဟု ခေါ်တွင်သော အိမ်နှင့်မြေသည် ကွယ်လွန်သူ မိဘများဖြစ်ကြသော မြန်မာဗုဒ္ဓဘာသာဝင် ဦးသက်နှင့် ဒေါ်နှင်းလှတို့ ပိုင်ဆိုင်သော အိမ်နှင့်မြေဖြစ်ပြီး၊ ယင်းသို့ ကွယ်လွန်သည့်အခါ သားသမီးများဖြစ်ကြသော ဒေါ်အေးကြင်(မူအုပ်/ငြိမ်း)(အိုင်အက်စ်အင်န်-၄၃၈၉၄၀)နှင့် ဦးဝင်းစိန်(ကျူရှင်ဆရာ) (အိုင်အက်စ်အင်န်-၄၃၈၉၄၁)တို့နှစ်ဦး ပိုင်ဆိုင်သော အိမ်နှင့်မြေဖြစ်ပါသည်။ ယင်းအိမ်နှင့်မြေကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးကြင်(မူအုပ်/ငြိမ်း)၏ အတိအလင်း သဘောတူညီချက် မရရှိဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း အပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မည်သူမျှ ဆောင်ရွက်ခွင့် မရှိကြောင်းနှင့် အကယ်၍ တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်နှင်းဆီ
တရားရုံးချုပ်ရှေ့နေ
အမှတ်-၁၁၇၊ ပထမထပ်(ဝဲခန်း)
၃၉လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၅၁ ၁၁၈၇၄။

[illegible]

THREE STAR

Air-Con ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Door to Door ဆောင်ရွက်ပေးသည်။ ဖုန်း-၇၀၅၇၈၄၊၀၉-၅၁-၆၃၄၈၀။

[illegible]

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် ၅က/၄၈၂၀၊ တိုယိုတာကိုရိုလာ လက်ဝယ်ရှိသူ ဦးအောင်ကျော်လှ ၁၁/စတန(နိုင်) ၀၃၆၁၅၂ မှ (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး၊ (စစ်တွေသို့) လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ ပြည်နယ်ရုံး(စစ်တွေ)။**

[illegible]

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ် (၂၉၀)နေ ဒေါ်ခင်သက်တင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တ

ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖြူးမြို့မဈေး၌ ရေမြောင်းတူးဖော်

ဖြူး မတ် ၅

(၁၀)ကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်နေ့အဖြစ် ဖေဖော်ဝါရီ ၂၆ရက်က ဖြူးမြို့မဈေး ရေမြောင်းတူးဖော် သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ ဆောင်ရွက်မှုကိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများနှင့် မြို့ပေါ် ၁၀ ရပ်ကွက်မှ ပြည်သူများစုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် အမှုဆောင်အရာရှိ ဦးဇန်ကျွမ်းတို့ ဦးဆောင်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ်စည်ပင်)**

တောင်တွင်းကြီးမြို့ တောင်ပြင်(၁)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းထိပ် အုတ်ခုံသစ်သားတံတားဆောက်လုပ်မှုကို ဖေဖော်ဝါရီ ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ နှစ်ပတ်လည်နေ့ကျင်းပ၊ ထူးချွန်ဝန်ထမ်းများဂုဏ်ပြု

ရွှေတောင် မတ် ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ နှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၂ ရက် နံနက် ၅နာရီက စက်ရုံနယ်မြေ ဝိဇယမင်္ဂလာ ဓမ္မာရုံကြီး၌ ကျင်းပသည်။

တရားနာယူ

အခမ်းအနားတွင် ရွှေတောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကျော် ဘဒ္ဒန္တ အဂ္ဂဝံသနှင့်သံဃာတော် ၁၁ပါးတို့က အနေကဇာတင် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရေစက်ချ သာဓုအနုမောဒနာတရားချီးမြှင့်ရာ စက်ရုံမှူးဦးဇော်ဝင်းမောင်နှင့် စက်ရုံဝန်ထမ်းများက တရားတော်များ နာယူကြသည်။

ချီးမြှင့်

ဆက်လက်၍ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း စက်ရုံလုပ်ငန်း၊ ဝန်ထမ်းသက်သာလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေးအကျိုးပြုလုပ်ငန်း၊ ပညာရေးနှင့်သင်တန်းဆိုင်ရာများတွင် ထူးချွန်စွာ ကြိုးစားခဲ့ကြသည့် ဝန်ထမ်း၂၃၅၀နှင့် ကျောင်းသား ၆၇၆ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။**(အောက်ပုံ)**

ထို့နောက် ဝန်ထမ်းများကို ကံစမ်းမဲနှိုက်၍ ကံထူးရှင်ဝန်ထမ်း ၁၀၈ဦးတို့အား ဆုများဆက်လက် ချီးမြှင့်ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန် တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၇ ခုနှစ် မတ် ၂၃ ရက်တွင်ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ် မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် လာအိုသမ္မတကြီး မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယမန်နေ့ ည ၇နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီးတို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

လာအိုသမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာ မြန်မာ-လာအို ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်စိုက်ပျိုးပေး

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာပြီး မြန်မာ-လာအိုချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးသည်။

ရောက်ရှိ

ရှေးဦးစွာ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်

စာမျက်နှာ ၉ ကော်လံ ၄ ●

မြန်မာ့အလင်း (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင် စွမ်းရည်ထက်မြက်သော တပ်မတော်တည်ဆောက်။

ခေါင်းကြီး (စာ-၂)

ခေတ်သစ်မျက်မမြင်ပုဏ္ဏားများနှင့် ယနေ့မြန်မာနိုင်ငံ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုမြှင့်တင်အားပေးရမည့်အစား ပိုင်းပယ်ဖိအားပေးခြင်းဖြင့် အကျိုးထူးမလာကြောင်း ပညာမျက်စိဖြင့် အမှန်တကယ် ပြန်လည်ရှုမြင်သင့်ကြ၏။

ကျော်မင်းအေး၏ ဆောင်းပါး (စာ ၄၊ ၅ နှင့် ၆)

ဝီရမျိုးဆက် ဇော်မင်းမင်းဦး၏ ကဗျာ (စာ-၇)

အမျိုးသားရေးသတိ အောင်ငြိမ်းချမ်း၏ ကာတွန်း (စာ-၇)